ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့၊ (6-8-2010) (၆၄၈၂)

မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်ခန့်အကွာ ရဲ-ယမန်းရွာအနီး အမှတ်(၂)တည်ဆောက်ရေးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။

[လျှပ်စစ်(၁)]

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ **လူမျိုးပေါင်းစုံ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ကယားပြည်နယ်)**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် ဩဂုတ် ၅ ရက်တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုလိုက်သည်။

စိစစ်ဆောင်ရွက်လျက်ရှိ

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် ပါတီ (၄၆) ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ (၄၀) ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရဲရွာရေအားလျှပ်စစ် အမှတ်(၁)နှင့် အမှတ်(၂)စက်တို့မှ ဓာတ်အားထုတ်လွှတ်ပေးနေ

အမှတ်(၃)စက်ကို မကြာမီကာလအတွင်း စက်တပ်ဆင်ပြီးစီးမည်

နေပြည်တော် ဩဂုတ် ၅

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ဩဂုတ် ၄ ရက် ညနေပိုင်းတွင် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်ခန့်အကွာ ရဲ-ယမန်းရွာအနီး အမှတ်(၂) တည်ဆောက်ရေးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ထို့နောက် တမံယာဘက်ကမ်းရှိ ရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ပင်မရေပိုလွှဲ(Spillway) ရေလျှံကျနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးသည် ပင်မတမံပေါ်မှ ပင်မတမံအတွင်း ရေဝင်ရောက်မှု အခြေအနေများနှင့် ပင်မရေပိုလွှဲ (Spillway)မှ ရေများလျှံကျနေမှု အခြေအနေတို့ကိုလည်းကောင်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်း တပ်ဆင်ပြီးစီးမှုနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း၊ Tailrace Channel & Switch yard Slope Protection လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဓာတ်အားပေးစက်ရုံအတွင်း အမှတ်(၁)စက်နှင့် အမှတ်(၂)စက်တို့မှ ဓာတ်အားထုတ်လွှတ်မောင်းနှင်နေမှု၊ အမှတ်(၃) စက်အား Rotor တပ်ဆင်ရန် လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် အမှတ်(၄) စက်အတွက် Stator လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ Control Room အတွင်း အမှတ်(၁)စက်နှင့် အမှတ်(၂)စက်တို့မှ ဓာတ်အားထုတ်လွှတ်မောင်းနှင်နေမှုအား Computer System ဖြင့် ဓာတ်အားပို့လွှတ်နေမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၆-၈-၂၀၁၀
(သောကြာနေ့)

မျိုးရိုးဇာတိဂုဏ်အင် ထိန်းသိမ်းမြှင့်တင်

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် မိမိတို့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရေးသည် အရေးကြီးသည်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်းက မိမိတို့၏နိုင်ငံကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်နေကြသည့်နည်းတူ မြန်မာ့ယဉ်ကျေးမှု လူမှုရေးတံတိုင်းကိုလည်း ခိုင်ခိုင်မာမာ ကာရံတည်ဆောက်ထားကြရပေမည်။

အထူးသဖြင့် ဝံသာနုရက္ခိတ တရားဟူသော အမျိုးကိုချစ်သည့်စိတ်ထား၊ အမျိုးစောင့်တရား ရင့်သန်ကြံ့ခိုင်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သွားကြရပေမည်။ မိမိတို့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမရှိပါက အမျိုးဂုဏ် ဇာတိဂုဏ်လျော့ပါးပြီး နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်ကို အစဉ်သတိပြုကြရမည်ဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် တိုးတက်ပြောင်းလဲလာသော ခေတ်မီဆက်သွယ်ရေး နည်းပညာများနှင့်အတူ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်။ ပြည်ပနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များ အလျဉ်မပြတ် စိမ့်ဝင်ပျံ့နှံ့လာနေသည်။ အထူးသဖြင့် လူငယ်လူရွယ်များအပေါ် တေးဂီတ အနုပညာ အဆို အက၊ ဝတ်စားဆင်ယင်မှုများမှ အစပြု၍ အတွေးအခေါ် အယူအဆနှင့် လူနေမှုစရိုက်များအထိ လွှမ်းမိုးလာလျက်ရှိသည်။

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ယဉ်ကျေးမှု အမြင်မတင့်တယ်သည့် အဝတ်အစားများ၊ မလုံမခြုံ ဝတ်စားဆင်ယင် ထုံးဖွဲ့နေမှုများ၊ ဟီရိဩတ္တပ ကင်းမဲ့သည့် နေထိုင်ဆက်ဆံမှုများသည် မြန်မာ့ဓလေ့စရိုက်နှင့် မကိုက်ညီသဖြင့် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်မည်ဖြစ်သည်။

အတွေးအခေါ် အသိအမြင် ဗဟုသုတများ ခေတ်နှင့်အညီ တိုးတက်မြင့်မားလာခြင်းသည် ကောင်းသော လက္ခဏာရပ်ဖြစ်သည်။ သို့သော် ပြည်ပတေးဂီတ သီဆိုတင်ဆက်မှု၊ နေထိုင်ဆက်ဆံကျင့်သုံးမှုတို့ကို ခေတ်မီ ဆန်းသစ်သည်ဟု ယူဆကာ တစ်သဝေမတိမ်း အတုယူပြောင်းလဲကျင့်သုံးလာခြင်းမျိုးမရှိစေရန်မှု သတိပြုကြရပေမည်။

အမျိုးကို ချစ်ခင်စောင့်ရှောက်ခြင်းသည် အမျိုးသမီးတို့၏သိက္ခာ၊ အမျိုးသမီးတို့၏အင်အား၊ အမျိုးသမီးတို့၏တန်ဖိုးနှင့် ဆက်စပ်ယှက်နွယ်မှုရှိသည်။ လူငယ်လူရွယ်များအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ပြည်ပလူနေမှု ဓလေ့စရိုက်နှင့် ဝတ်စားဆင်ယင်မှုများကို အတုယူမမှားကြဘဲ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင် ပြုမူနေထိုင်ကြခြင်းဖြင့် မြန်မာ့မျိုးရိုးဇာတိဂုဏ်အင် ထာဝစဉ်ထိန်းသိမ်း မြှင့်တင်သွားကြရမည်ဖြစ်ပါသည်။ ။

တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဘော်လီဘောပြိုင်ပွဲ(မော်လမြိုင်ဇုန်)ဖွင့်

ရန်ကုန် ဩဂုတ် ၅

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဘော်လီဘောပြိုင်ပွဲ(မော်လမြိုင်ဇုန်) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက်တွင် မော်လမြိုင်တက္ကသိုလ် အားကစားရုံ၌ ကျင်းပရာ တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းပြိုင်ပွဲတွင် မော်လမြိုင်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ်တို့မှ အမျိုးသားဘော်လီဘောအသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၇ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ပါမောက္ခ ဦးလှအောင်-ဒေါ်မြမြထွန်းတို့၏ နှစ်(၅၀) ပြည့်ရွှေရတုမင်္ဂလာအထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းနှင့် မရမ်းကုန်းမြို့နယ် (၇)မိုင်ခွဲ တေးနုယဉ်လမ်း အောင်ဂေဟာနေ ဦးစည်သူအောင်-ဒေါက်တာဒေါ်ခင်သီတာရီတို့က ဦးစည်သူအောင်၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်ငွေကျပ်တစ်သိန်း စုစုပေါင်း အလှူငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား	✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေး အထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်

နေပြည်တော် ဩဂုတ် ၅

အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေး အထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ကလောမြို့ အင်းခေါင်းကျေးရွာ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်/ခရိုင် /မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက ပျိုးပင်များကို တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးက ခါတော်မီပင်ကို စိုက်ပျိုးပေးပြီး အခမ်းအနားတက်ရောက်လာကြသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူးသည် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးကုန်ကြမ်းစိုက်ကွင်းနှင့် ဆေးဝါးသုံးမြင်းမွေးမြူရေးစခန်း(ဟဲဟိုး)သို့ ရောက်ရှိပြီး စိုက်ကွင်းအတွင်း၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းပြသမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဟဲဟိုးကန်သို့ရောက်ရှိပြီး ကန်အတွင်းမိုးရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဟဲဟိုး မျိုးပွားခြံအတွင်း သီးနှံများနှင့် ပန်းများ မျိုးပွားစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဟဲဟိုးဗဟိုခြံမျိုးစေ့ဌာနခွဲသို့ ရောက်ရှိရာ တာဝန်ရှိသူများ၏ သီးနှံများ မျိုးပွားစိုက်ပျိုးထားရှိမှု ရှင်းလင်းတင်ပြမှုတို့အပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၅

အထက်မြန်မာနိုင်ငံရှိ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနများ၏ လက်အောက်ခံတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံများ၊ ပညာရေးကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ဆရာမများအတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီတွင် မန္တလေး ပညာရေးကောလိပ် ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဗဟိုအဖွဲ့နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့များမှ ရဲမှူးကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့၊ ဆက်စပ်လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော သင်တန်းနည်းပြများ၊ ဧည့်သည်တော်များ၊ သင်တန်းသား၊သင်တန်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းကာလအတွင်း ဇူလိုင် ၃၀ ရက်တွင် သင်တန်းသား၊ သင်တန်းသူများသည် မန္တလေးမြို့ မူးယစ်ဆေးစွဲရောဂါကုဆေးရုံနှင့် ပြန်လည်ထူထောင်ရေးစခန်းတို့သို့ သွားရောက်လေ့လာခဲ့ကြပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၃၁ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေး လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ကျောင်းသား လူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း အထက်မြန်မာနိုင်ငံရှိ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများ၏ လက်အောက်ခံ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံများ၊ ပညာရေးကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအတွက် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (ပညာရေး)

နာနိုနည်းပညာရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ခေတ်မီပညာပြန့်ပွားရေး ရည်ရွယ်ချက်နှင့်အညီ နာနိုနည်းပညာရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ (Forum On Nanotechnology)ကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် (အငြိမ်းစား) မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာစိုးရင်က နာနိုနည်းပညာအကြောင်း မိတ်ဆက်စကား ပြောကြားကာ စာတမ်းရှင်တို့၏ ကိုယ်ရေးအကျဉ်းကို မိတ်ဆက်တင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံနည်းပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာညွန့်ဝင်းက 'နာနိုဓာတုဗေဒနှင့် နာနိုနည်းပညာရပ်' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက 'Recent Development in Nanotechnology' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခ/ဌာနမှူး ဒေါက်တာကြည်ကြည်သင်းက 'နာနိုဆေးပညာ' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်ထွဋ်က 'နာနိုနည်းပညာဖွံ့ဖြိုးရေးနှင့် မြန်မာနိုင်ငံ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး' ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ရှင်းလင်းကြသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌက စာတမ်းရှင်များအားဂုဏ်ပြုလွှာပေးအပ်၍ ကျေးဇူးတင်စကားပြောကြားကာဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင် အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦး နာနိုနည်းပညာရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲတွင် နှုတ်ဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်

နေပြည်တော် ဩဂုတ် ၅

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဩဂုတ် ၂ ရက်တွင် အမှတ်(၇)တည်းခိုရေးစခန်း၌ ကျင်းပသော တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး စစ်တုရင်ပြိုင်ပွဲကို ဖွင့်လှစ်ပေး၍ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ အခမ်းအနားသို့ တက်ရောက်လာကြသော ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ၌ ပထမစကွက်ကိုရွှေ့၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဩဂုတ် ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာချိုဝင်းမော်အား ယင်းဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

International Youthday အထိမ်းအမှတ် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

သစ်တောဦးစီးဌာနနှင့် ထူးဖောင်ဒေးရှင်းတို့ပူးပေါင်း၍ International Youthday အထိမ်းအမှတ်ဟောပြောပွဲကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ လှော်ကားဥယျာဉ်၌ ကျင်းပမည်ဖြစ်ကြောင်း၊ Youth and Green Environment ခေါင်းစဉ်ဖြင့် ဟောပြောကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ကြောင်းနှင့် ဩဂုတ် ၁၂ ရက်တွင်ကျရောက်မည့် International Youthday အထိမ်းအမှတ် ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာကျောင်းများ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၅

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ် ပညာရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂ ရက်တွင် ဘော်ဆိုင်း အခြေခံပညာ အထက်တန်းကျောင်း၊ အောင်ပန်းမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၉) အခြေခံပညာမူလတန်းလွန်ကျောင်း၊ ပင်းတယမြို့နယ်ရှိ တောင်ပေါ်ကြီး အခြေခံပညာ အထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် ကလောမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကလောမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းခွဲနှင့် တွဲဖက် အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အတန်းမှူး၊ ဘာသာရပ်မှူးများနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားခဲ့သည်။

ဆက်လက်၍ ဟိုပုံးမြို့နယ်ရှိ ပင်းပက် အခြေခံပညာ အထက်တန်းကျောင်း၊ တောင်ကြီးမြို့နယ်ရှိ အေးသာယာအခြေခံပညာအထက်တန်းကျောင်း၊ ရွှေညောင် အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မွန်းလွဲပိုင်း၌ တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းခွဲနှင့် တွဲဖက် အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အတန်းမှူး၊ ဘာသာရပ်မှူးများနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားခဲ့သည်။

အလားတူ ဩဂုတ် ၄ ရက်တွင် တောင်ကြီးမြို့နယ်ရှိ အောင်သပြေ တွဲဖက် အခြေခံပညာ အထက်တန်းကျောင်း၊ ကုန်းပေါ်အခြေခံပညာ အလယ်တန်းကျောင်း၊ ညောင်ရွှေမြို့နယ်ရှိ ခေါင်တိုင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကလောမြို့နယ်ရှိ ဟဲဟိုး အခြေခံပညာ အထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် ကလော၊ တောင်ကြီးမြို့နယ်များရှိ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော် အကြီးအကဲ၏ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်(၆)ရပ်ကို အသေးစိတ် ရှင်းလင်းမှာကြားခဲ့ပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ်၌ အောင်ချက်နိမ့်ကျသည့် ကျောင်းများအား ယခုပညာသင်နှစ်တွင် အောင်ချက်မြင့်မားရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ အောင်ချက်မြင့်သည့် ကျောင်းများအား ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း မှာကြားကာ PASS System လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားခဲ့ပြီး လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) အခြေခံ ပညာ ဦးစီးဌာန ညွှန်ကြား ရေး မှူးချုပ် ဦးအေးလွင် ဟိုပုံးမြို့နယ်ရှိ ပင်းပက် အခြေခံ ပညာ အထက်တန်း ကျောင်း ဆောက်လုပ် နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

Yangon City Guide @ Yangon Bus Directory (2010) ထွက်ရှိ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်မြို့တော်အတွင်း သွားလာနေသူများ ယခုထက်ပိုမိုအဆင်ပြေစွာ သွားလာနိုင်စေရန်၊ မြို့တော်သို့ လာရောက်လည်ပတ်သူများ အခက်အခဲမရှိ လိုရာခရီးသို့ လျင်လျင်မြန်မြန် သွားလာနိုင်စေရန်၊ စီးပွားရေး လုပ်ငန်းရှင်များအတွက် ဈေးကွက်စီမံကိန်းများ ပိုမိုကောင်းမွန်စွာ ဖော်ဆောင်နိုင်ရန်၊ တိုင်းပြည်၏ လိုအပ်ချက် ကွက်လပ်တစ်ခုအား အဆင့်အတန်းရှိရှိ ဖြည့်ဆည်းပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် Yangon City Guide @ Yangon Bus Directory (ရန်ကုန်မြို့တော်လမ်းညွှန်)ကို ပြုစုထုတ်ဝေလိုက်သည်။

စာအုပ်ကို တစ်နှစ် တစ်ကြိမ် ပြုစုထုတ်ဝေလျက်ရှိရာ ယခုတတိယမြောက် စာအုပ်ထွက်ရှိလာခြင်း ဖြစ်သည်။ ယခင်နှစ်များထက် ပိုမိုပြည့်စုံစွာ သတင်းအချက်အလက်များကို ထည့်သွင်းပေးထားသည်။

စာအုပ်ပါ အကြောင်းအရာများမှာ ရန်ကုန်မြို့ တစ်မြို့လုံး၏ လမ်းသွယ်များ အပါအဝင် လမ်းအသေးစိတ်ပြမြေပုံများကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားရှိခြင်း၊ လမ်းများ၏ အမှတ်အသားနှင့်အထင်ကရ အဆောက်အအုံများကို နှစ်ဖက်မြင် (သို့) သုံးဖက်မြင် ရုပ်ကြွများဖြင့် ပုံဖော်ထားခြင်း၊ ဘတ်စ်ကားရပ်သည့် မှတ်တိုင်များ အားလုံးကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားရှိခြင်း၊ မြို့နယ်အမည်များ၊ ယာဉ်လမ်းကြောင်းများ၊ လူကူးမျဉ်းကျားများ၊ တံတားများ၊ ခုံးကျော်တံတားများ၊ မြို့ပတ်ရထားလမ်းကြောင်းများ၊ မြို့ပတ်ဘူတာရုံများ၊ မြို့နယ်နယ်နိမိတ် သတ်မှတ်မျဉ်းများ၊ မြစ်များ၊ ချောင်းများ စသည်ဖြင့် အပြင်နှင့် အနီးစပ်ဆုံးဖြစ်စေရန် ဖော်ပြပေးထားခြင်း၊ မြေပုံများကို အသုံးပြုရလွယ်ကူစေရန် မြို့နယ်အလိုက် အရောင်များဖြင့် ခွဲခြားပေးထားခြင်း၊ လမ်းအမည်စာရင်းများကို အစီစဉ်လိုက်စဉ်ကာ မြေပုံနံပါတ်အညွှန်းများဖြင့် အစိမ်းရောင်စာမျက်နှာများတွင် ဖော်ပြပေးထားခြင်းဖြင့် အသုံးပြုသူများ လွယ်ကူလျင်မြန်စွာ ရှာဖွေသုံးစွဲနိုင်ခြင်း၊ ဘတ်စ်ကားလမ်းညွှန်များကို အပိုင်းနှစ်ပိုင်းခွဲကာ မှတ်တိုင်တစ်ခုချင်းစီတွင် ရပ်သည့် ယာဉ်လိုင်းများအားလုံးနှင့် ယာဉ်လိုင်းတစ်ခုချင်းစီ၏ ယာဉ်လမ်းကြောင်းများအား အပြာရောင်စာမျက်နှာများတွင် ပြည့်စုံစွာဖော်ပြပေးထားခြင်း၊ စီးပွားရေး လုပ်ငန်းများအနက် အသုံးများသည့် လုပ်ငန်းများကို စုစည်းကာ အဝါရောင် စာမျက်နှာများတွင် လိပ်စာနှင့် ဖုန်းနံပါတ်များကို တိတိကျကျဖော်ပြပေးထားခြင်း၊ အစိုးရရုံးဖုန်းများကို ရန်ကုန်နှင့် နေပြည်တော်ခွဲကာ လိမ္မော်ရောင်စာမျက်နှာများဖြင့် ဖော်ပြပေးထားခြင်း၊ သုံးစွဲသူနိုင်ငံခြားသားများအတွက် ပိုမိုအသုံးဝင်စေရန် လေယာဉ်ဝင်ထွက်ချိန်များ၊ မီးရထားအချိန်ဇယားများ၊ အဝေးပြေးယာဉ်ထွက်ခွာချိန်များ၊ သင်္ဘောထွက်ခွာချိန်များကို Tourist Information စာမျက်နှာများဖြင့် တွဲဖက်ကာ ဖော်ပြပေးထားခြင်းနှင့် ရန်ကုန်တစ်မြို့လုံး မြေပုံနှစ်ပုံ၊ မြန်မာပြည်မြေပုံတစ်ပုံတို့ကို အရှေ့ပိုင်းတွင် ဖော်ပြပေးထားခြင်းတို့ဖြစ်သည်။

သွားလိုရာသို့ သယ်သွားလို့ရပြီး ဝါယာကွင်းများဖြင့် ချုပ်ထားသဖြင့် စာမျက်နှာများကို ၁၈၀ ဒီဂရီ အပြည့်လှန်ကာ လက်တစ်ဖက်တည်းဖြင့် ကိုင်၍ အသုံးပြုလို့ရသည်။ တက္ကသိုလ်ကျောင်းသားများ၊ ရုံးသမားများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းများ၊ ကားမောင်းသူများအတွက် အလွန်အသုံးဝင်သည်။ ကုမ္ပဏီများသို့ အခမဲ့ဖြန့်ချိပေးပြီး အပြင်မှ သုံးစွဲလိုသူများအတွက် စာအုပ်ဆိုင်များတွင် တင်ပေးထားသည်။ ရောင်းဈေးမှာ ငွေကျပ် ၃၅၀၀ ဖြစ်ပြီး ပြီးပြည့်စုံသည့် မြေပုံလမ်းညွှန်စာအုပ် တစ်အုပ်ဖြစ်သည်။ အမှတ်(၁၁၄) အခန်း(၆) လမ်း(၅၀) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၂၉၅၅၆ နှင့် ၃၉၇၂၄၆ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ဟသ်ာတနှင့် ကြံခင်းတွင် ကျင်းပ

ရန်ကုန် ဩဂုတ် ၅

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ဟသ်ာတ)မှ ရက်တိုယာဉ်မောင်းသင်တန်းဖွင့်ပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဟသ်ာတခရိုင်ရုံးဝင်းအတွင်းတွင် ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ လည်းကောင်း၊ ကြံခင်းမြို့ သာသနာ့ဗိမာန်တော်၌ ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်အထိ လည်းကောင်း ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးအောင်ဝင်း **(အပေါ်ပုံ)**နှင့် ခရိုင်မှူး ဥပဒေ အရာရှိ ဦးကြင်ဥ၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ်ဦးထွန်းအောင်ချို၊ စစ်ဆေးရေးမှူး(၂) ဦးသိန်းဌေး တို့က အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အဆိုပါ ဟောပြောပွဲနှင့် သင်တန်းများသို့ ဟသ်ာတမြို့မှ ၂၇၂ ဦး၊ ကြံခင်းမြို့မှ ၂၄၅ ဦး၊ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၁၇ ဦးတက်ရောက်ကြကြောင်း သတင်းရရှိသည်။

(ခရိုင် ကညန)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ ခုနှစ် ဩဂုတ်လအတွက်

(၈-၈-၂၀၁၀) ရက်နေ့

နှင့်

(၂၉-၈-၂၀၁၀)ရက်နေ့

စတုတ္ထအကြိမ်မြောက် အာတိတ်လေ့လာရေးခရီးစဉ်အတွင်း ရေခဲမျောတစ်ခုပေါ်တွင် ယာယီစခန်းတည်ဆောက်နေသော တရုတ်စူးစမ်းလေ့လာရေးအဖွဲ့ဝင်များကို ဩဂုတ် ၅ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒုတိယကမ္ဘာစစ်အတွင်း ယူအက်ဖ်အိုနှင့် ဗြိတိန်ဗုံးကြဲလေယာဉ်များ ထိပ်တိုက်ဆုံမှု လျှို့ဝှက်ချက်အဖြစ်ထားရန် ဝန်ကြီးချုပ် ဝင်စတန်ချာချီ ညွှန်ကြားခဲ့

လန်ဒန် ဩဂုတ် ၅

၁၉၅၀ ခုနှစ် ဝန်းကျင်တွင် ဗြိတိန်အစိုးရသည် ယူအက်ဖ်အိုခေါ် အာကာသမှ အမျိုးအမည်မသိ ယာဉ်ပျံများကို ခြိမ်းခြောက်မှုအဖြစ် မှတ်ယူခဲ့ပြီး ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဗြိတိန်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲများက ဆွေးနွေးအဖြေရှာခဲ့ကြကြောင်း ဗြိတိန်အစိုးရက ထုတ်ပြန်သော မှတ်တမ်းမှတ်ရာအသစ်များတွင် ဖော်ပြထားသည်ဟု ဩဂုတ် ၅ ရက် သတင်းများတွင် ပါရှိသည်။

ယင်းသမိုင်းမှတ်တမ်းများထဲတွင် ဒုတိယကမ္ဘာစစ်ဖြစ်ပွားဆဲကာလအတွင်း ထောက်လှမ်းတွေ့ရှိခဲ့သော ယူအက်ဖ်အိုများနှင့် ပတ်သက်၍လည်း ဖော်ပြထားသည်။ ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီက လူအများအထိတ်တလန့် မဖြစ်စေရန် ယင်းယူအက်ဖ်အိုတွေ့ရှိမှုများကို ဖုံးကွယ်ထားရန် အမိန့်ပေးခဲ့ကြောင်း မှတ်တမ်းများ၏ အဆိုအရ သိရသည်။

ဒုတိယကမ္ဘာစစ်အတွင်းကာလ၌ ယူအက်ဖ်အို ယာဉ်ပျံတစ်စင်းနှင့် ဗြိတိန်ဘုရင့်လေတပ်မှ ဗုံးကြဲလေယာဉ်များ ထိပ်တိုက်တွေ့ဆုံခဲ့ခြင်းနှင့် ပတ်သက်သော အစီအရင်ခံစာကို အနည်းဆုံး နှစ် ၅၀ခန့် လျှို့ဝှက်ချက်အဖြစ် သိမ်းဆည်းထားရန် ဝင်စတန်ချာချီက ညွှန်ကြားခဲ့သည်ဟုဆိုသည်။

အသစ်ထွက်ပေါ်လာသော သမိုင်းမှတ်တမ်းများအရ ဗြိတိန်၏ လုံခြုံရေး၊ ကာကွယ်ရေးနှင့် ပြည်ပရေးရာများကို ကိုင်တွယ်ဖြေရှင်းရသော ပူးတွဲထောက်လှမ်းရေးကော်မတီသည် ၁၉၅၇ ခုနှစ်အတွင်းက ယူအက်ဖ်အိုတွေ့ရှိမှုနှင့် ပတ်သက်၍ အစီရင်ခံစာများကို ပျမ်းမျှ ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်ကျရရှိခဲ့ကြောင်း သိရသည်။

အင်တာနက်။

အကြမ်းဖက်မှုဆန့်ကျင်ရေးစစ်ရေးလေ့ကျင့်မှု ရုရှားနှင့်အမေရိကန် ပူးတွဲပြုလုပ်မည်

မော်စကို ဩဂုတ် ၅

ရုရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ဩဂုတ် ၆ ရက်(ယနေ့)တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ နိုးကြားသော လင်းယုန်ဟု အမည်ပေးထားသော အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ရုရှားနှင့် အမေရိကန်လေတပ်တို့မှ တပ်ဖွဲ့ဝင်များ ပါဝင်မည်ဖြစ်သည်။

ယင်းစစ်ရေးလေ့ကျင့်မှုများတွင် ရုရှားနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သမားများ ပြန်ပေးဆွဲထားသော လေယာဉ်ပြန်လည်လွတ်မြောက်ရေးအတွက် ပုံတူစစ်ဆင်ရေးတစ်ရပ်ကို ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုးကြားသော လင်းယုန်စစ်ရေးလေ့ကျင့်မှုတွင် အဆင့်နှစ်ဆင့်ပါဝင်မည်ဖြစ်ပြီး ရုရှားနှင့် အမေရိကန်ဂျက်တိုက်လေယာဉ်များ၊ တာဝေးရေဒါထောက်လှမ်းစနစ် တပ်ဆင်ထားသော လေယာဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှု၏ ဌာနချုပ်များကို ရုရှားနိုင်ငံ ခါဘာရော့ဗ်ဒေသနှင့် အမေရိကန်နိုင်ငံ ကိုလိုရာဒိုစပရင်းဒေသများတွင် ထားရှိမည်ဖြစ်သည်။ ယင်းစစ်ရေး လေ့ကျင့်မှုများကို ရုရှားနှင့် အမေရိကန်အကြား စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များအကြား နားလည်မှုရှိရေးတို့အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အက်စ်-၃၀၀ လေကြောင်းရန် ကာကွယ်ရေးစနစ်များ အီရန်ရရှိထားဟုဆို

တီဟီရန် ဩဂုတ် ၅

အက်စ်-၃၀၀ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များကို စာချုပ်ပါ သဘောတူညီချက်များအတိုင်း ပေးပို့ရန် ရုရှားနိုင်ငံက ငြင်းဆန်ခဲ့သော်လည်း ယင်းဒုံးကျည်စနစ်လေးခုကို အီရန်နိုင်ငံကရရှိထားပြီးဖြစ်ကြောင်း အီရန်သတင်းဌာနတစ်ခုက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

အက်စ်-၃၀၀ ဒုံးကျည်စနစ်နှစ်ရပ်ကို ဘီလာရုစ်နိုင်ငံမှ ရရှိခဲ့ကြောင်း အဆိုပါ သတင်းဌာနက ထုတ်ပြန်ခဲ့သော်လည်း ကျန်နှစ်ရပ်ကိုမူ မည်သည့်နေရာမှ ရရှိခဲ့ကြောင်း ဖော်ပြခြင်းမရှိပေ။ ယင်းသတင်းနှင့် ပတ်သက်၍ အီရန်အစိုးရက တရားဝင် အတည်မပြုသေးကြောင်း သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် ဘီလာရုစ်နိုင်ငံ စစ်လက်နက်ပစ္စည်းရောင်းဝယ်ရေးကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူက အက်စ်-၃၀၀ ဒုံးကျည်စနစ်များ အီရန်သို့ ပေးပို့ခဲ့ခြင်း မရှိကြောင်း ပြောကြားသည်။

ရုရှားနိုင်ငံသည် အက်စ် - ၃၀၀ လေကြောင်းရန် ကာကွယ်ရေးစနစ်ကို အီရန်သို့ ရောင်းချရန် ၂၀၀၇ခုနှစ်က သဘောတူစာချုပ် တစ်ရပ်ချုပ်ဆိုခဲ့သော်လည်း ယင်းဒုံးကျည်စနစ်များကို အီရန်သို့ လွှဲပြောင်းပေးပို့ခြင်း မရှိခဲ့ပေ။

အက်စ် - ၃၀၀ လေကြောင်းရန် ကာကွယ်ရေးစနစ်သည် လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် တာဝေးပစ် ဒုံးကျည်များကို မိုင် ၉၀ အကွာအဝေး၊ မြေပြင်မှ အမြင့်ပေ ၉၀၀၀၀ ခန့်တွင် ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသည်။

အင်တာနက်။

ပါကစ္စတန်နယ်ခြားစောင့် ရဲတပ်ဖွဲ့ အကြီးအကဲ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ် တာလီဘန်တစ်ဦး၏ အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းနေသည်ကို ဩဂုတ် ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အပူဒဏ်ပြင်းထန်မှုကြောင့် ဂျပန်နိုင်ငံသား ၂၁၀၀၀ ကို ဆေးရုံတင်ရ

တိုကျို ဩဂုတ် ၅

ဂျပန်နိုင်ငံတွင် မေ ၃၁ ရက်မှစ၍ အပူဒဏ်ကြောင့် ဆေးရုံ၌ တက်ရောက်ကုသရသူ ၂၁၀၃၂ ဦးရှိကြောင်း၊ ၎င်းတို့အနက် ၉၈ဦးမှာ ဆေးရုံတက်ရောက်ပြီး မကြာမီ ဆုံးပါးသွားကြကြောင်း မီးလောင်ကျွမ်းမှုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အေဂျင်စီက ဩဂုတ် ၃ရက်တွင် ပြောကြားခဲ့သည်။

ယခင်သတင်းများ၌ အပူဒဏ်ခံစားခဲ့ရသော ဝေဒနာရှင်များအနက် တစ်ဝက်ခန့်မှာ အသက် (၆၅)နှင့်အထက် သက်ကြီးပိုင်းများဖြစ်သည်ဟု အဆိုပါ အေဂျင်စီက ဖော်ပြသည်။

အေအိချိဒေသ၌ အပူဒဏ်ကြောင့် ဝေဒနာခံစားရသော လူနာအများဆုံး ရှိခဲ့ပြီး၂၀၃၂ဦးအထိရှိကြောင်း၊ ယင်းနောက် တိုကျိုမြို့၌ ၁၇၂၉ ဦးနှင့် ဆိုင်တာမား၊ အိုဆာကာနှင့် တာနာဂါဝါ ပြည်နယ်တို့၌ ၁၇၁၃ ဦး၊ ၁၂၃၅ ဦးနှင့် ၁၀၈၃ ဦး အစဉ်လိုက်ရှိကြောင်း သတင်း၌ ဖော်ပြထားသည်။ ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ရက်အထိ ဂျပန်နိုင်ငံတစ်ဝန်း၌ အပူဒဏ်ကြောင့် ဆေးရုံတက်ရောက်ရသူ စုစုပေါင်း ၅၄၆၀ ရှိပြီး ၎င်းတို့အနက် ၂၅ဦးသည် ဆေးရုံတက်ရောက်ပြီး မကြာမီ ဆုံးပါးခဲ့ကြသည်ဟု သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နယ်ခြားစောင့် ရဲတပ်ဖွဲ့အကြီးအကဲ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၅

ပါကစ္စတန် လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့၏ အကြီးအကဲတစ်ဦးလိုက်ပါလာသော ယာဉ်ကို တာလီဘန်အသေခံဗုံးခွဲသမားတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အဆိုပါ လက်နက်ကိုင် တပ်ဖွဲ့အကြီးအကဲနှင့် အခြားသုံးဦးတို့ သေဆုံးခဲ့ကြောင်း သတင်းများ တွင် ဖော်ပြသည်။

သေဆုံးခဲ့သော လက်နက်ကိုင်တပ်ဖွဲ့အကြီးအကဲသည် အင်အား ၂၅၀၀၀ရှိသော ပါကစ္စတန်နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ အကြီးအကဲဖြစ်ပြီး ပါကစ္စတန်နိုင်ငံအတွင်း စစ်သွေးကြွများ၏ လက်ချက်ကြောင့် သေဆုံးခဲ့ရသော လုံခြုံရေးဆိုင်ရာ ထိပ်တန်းတာဝန်ရှိသူများအနက်တစ်ဦး ဖြစ်သည်။

တာလီဘန်တို့၏ သူရဲဘောကြောင်သော တိုက်ခိုက်မှုကြောင့် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော လူတော်တစ်ဦးကို ပါကစ္စတန်နိုင်ငံအနေဖြင့် ဆုံးရှုံးခဲ့ပြီးဖြစ်ကြောင်း ခိုင်ဘာပွတ်ခ်ရှိတွန်းဝါပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစ္စလာမ္မာဘတ်မြို့ရှိ အမေရိကန်သံရုံးကလည်း ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ ပြစ်တင်ရှုတ်ချခဲ့ပြီး ပါကစ္စတန်နိုင်ငံအတွင်း ရေကြီးမှုများကြောင့် ပြန်လည်ထူထောင်နိုင်ရေးအတွက် ရုန်းကန်နေရချိန်တွင် စစ်သွေးကြွများ၏ အပြုအမူမှာ လက်သင့်ခံနိုင်ဖွယ်မရှိကြောင်း ပြောကြားသည်။

အင်တာနက်။

လက်ဘနွန်စစ်ဘက်အတွင်း ဟစ်ဇ်ဘိုလာ သြဇာလွှမ်းမိုးမည်ကို အစ္စရေးစိုးရိမ်

ဂျေရုဆလင် ဩဂုတ် ၅

နှစ်နိုင်ငံနယ်စပ်၌ ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် လက်ဘနွန်တပ်ဖွဲ့အတွင်း ဟစ်ဇ်ဘိုလာများ သြဇာလွှမ်းမိုးလာမည့် အရေးနှင့်ပတ်သက်၍ အစ္စရေးတာဝန်ရှိသူတစ်ဦးက ဩဂုတ် ၅ရက်တွင် သတိပေးစကားပြောကြားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

လက်ဘနွန်တပ်ဖွဲ့သည် ဟစ်ဇ်ဘိုလာတို့၏လုပ်နည်းလုပ်ဟန်အတိုင်း စတင်ကျင့်သုံးခဲ့ပါက ယင်းအချက်သည် လက်ဘနွန်စစ်ဘက်အဝန်းအဝိုင်းအတွင်း ဟစ်ဇ်ဘိုလာများ သြဇာလွှမ်းမိုးလာသည့် အန္တရာယ်နှင့်ကြုံတွေ့နေရခြင်းကို ဖော်ပြနေကြောင်း အစ္စရေးလက်ထောက် နိုင်ငံခြားရေးဝန်ကြီးဒန်နီအယာလုံက ပြောကြားသည်။

သို့ရာတွင် အင်္ဂါနေ့က ဖြစ်ပွားခဲ့သော နယ်စပ်ပဋိပက္ခတွင် ဟစ်ဇ်ဘိုလာများ ပါဝင် ပတ်သက်ခြင်းမရှိကြောင်း အစ္စရေး ထိပ်တန်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရတ်က ယင်းပဋိပက္ခသည် လက်ဘနွန်၏ ရန်လိုသော အပြုအမူဟု ပြောကြားခဲ့သည်။

အဆိုပါ နယ်စပ်ပြဿနာသည် အထက်အမိန့်မရဘဲ လုပ်ဆောင်ခဲ့သော တစ်ယူသန် လက်ဘနွန်စစ်ဘက် တာဝန်ရှိသူ တစ်ဦးကြောင့် ဖြစ်ပွားခဲ့ကြောင်း အစ္စရေးစစ်ဘက်က ယုံကြည်ထားသည်ဟု စစ်ရေးစစ်ရာကျွမ်းကျင်သူတို့က ပြောကြားသည်။

အင်တာနက်။



လက်ဘနွန်ပိုင်နက် အစ္စရေးကျူးကျော်သည်ဆိုမှု ကုလသမဂ္ဂငြင်းပယ်

ဒီရာအယ်လ်ဇာရာနီ ဩဂုတ် ၅

နှစ်နိုင်ငံနယ်စပ်၌ အစ္စရေးနှင့် လက်ဘနွန်တပ်ဖွဲ့များအကြား အပြန်အလှန်ပစ်ခတ်မှု မဖြစ်ပွားမီ အစ္စရေးတပ်ဖွဲ့ဝင်များ ခုတ်လှဲခဲ့သော ဆိုက်ပရပ်ပင်သည် အစ္စရေးပိုင်နက်အတွင်းတွင်ရှိသည့်အပင်ဖြစ်ကြောင်း ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

ပိုင်နက်

လက်ဘနွန်နိုင်ငံကမူ ယင်းဆိုက်ပရပ်ပင်ကို အစ္စရေးတပ်ဖွဲ့ဝင်များက လက်ဘနွန်ပိုင်နက်အတွင်း ဝင်ရောက်ခုတ်လှဲခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆိုက်ပရပ်ပင်တစ်ပင်ကို အကြောင်းပြု၍ ဖြစ်ပွားခဲ့သော နယ်စပ်ပဋိပက္ခအတွင်း အစ္စရေးစစ်ဘက်အဆင့်မြင့်အရာရှိတစ်ဦး၊ လက်ဘနွန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် သတင်းသမားတစ်ဦးတို့ သေဆုံးခဲ့ရသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် လက်ဘနွန်ဘက်အခြမ်းသို့ ရှင်းရှင်းလင်းလင်းမြင်တွေ့နိုင်ရန် နယ်စပ်မျဉ်းတစ်လျှောက်ရှိ သစ်ပင်များကို ခုတ်လှဲရှင်းလင်းလေ့ရှိသည်။ယင်းသို့ခုတ်လှဲချိန်တွင် လက်ဘနွန်တပ်ဖွဲ့များက ပစ်ခတ်ရာမှ နယ်စပ်ပဋိပက္ခဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံအကြား နယ်စပ်အခြေအနေသည် ပြီးခဲ့သည့်လများမှစ၍ တင်းမာမှုများဖြစ်ပေါ်လျက်ရှိသည်။ လက်ဘနွန်နိုင်ငံတွင်းရှိ ဟစ်ဇ်ဘိုလာလက်နက်ကိုင်အုပ်စုသည် ဆီးရီးယားနှင့် အီရန်တို့၏ အကူအညီဖြင့် ဒုံးကျည်များ စုဆောင်းလျက်ရှိကြောင်း အစ္စရေးက ပြောကြားသည်။

သို့ရာတွင် နယ်စပ်အခြေအနေကို တည်ငြိမ်စေရေးအတွက် အစ္စရေး ကာကွယ်ရေးဝန်ကြီးက နည်းလမ်းရှာကြံလျက်ရှိကြောင်း ဗုဒ္ဓဟူးနေ့သတင်းများတွင် ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ဆူဒန်မှ မောင်မစ္စကများ အရေးယူခံရ

ခါတွန် ဩဂုတ် ၅

ဆူဒန်လူငယ် ၁၉ဦးတို့သည် အမျိုးသမီးဝတ်စုံများ ဝတ်ဆင်ကာ မိတ်ကပ်အစရှိသော အလှကုန်ပစ္စည်းများ သုံးစွဲခဲ့ခြင်းကြောင့် ပြည်သူ့ကျင့်ဝတ် ဖောက်ဖျက်မှုဖြင့် ဆူဒန်တရားရုံးတစ်ရုံးက ၎င်းတို့ကို ကြိမ်ဒဏ်အချက် ၃၀နှင့် ငွေဒဏ်ပေးဆောင်စေခဲ့ကြောင်း ဩဂုတ် ၄ ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းဆူဒန်လူငယ် ၁၉ဦးတို့သည် အမျိုးသမီးများကဲ့သို့ ဝတ်ဆင်ကာ ပျော်ပွဲရွှင်ပွဲတစ်ရပ် ကျင်းပနေစဉ် ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ ယင်း ပျော်ပွဲရွှင်ပွဲ၌ အမျိုးသမီးတစ်ဦးလည်းပါဝင်ခဲ့ပြီး ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။ အဆိုပါ လူငယ်များကိုပြည်သူ့ကျင့်ဝတ်ဥပဒေချိုးဖောက်မှုဖြင့် အရေးယူခဲ့ခြင်းဖြစ်ကြောင်း ဆူဒန်တရားရုံးက ပြောကြားသည်။

အင်တာနက်။

အိန္ဒိယသမုဒ္ဒရာ ဝဲလှည့်ရေစီးကြောင်းအတွင်း ပလတ်စတစ်အမှိုက်များ မျောလျက်ရှိ

ပါသ့် ဩဂုတ် ၅

အိန္ဒိယသမုဒ္ဒရာရေပြင်ထဲ၌ မျောနေသော ပလတ်စတစ်အမှိုက်များကို သိပ္ပံပညာရှင် ဇနီးမောင်နှံနှစ်ဦးက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဩဂုတ် ၃ ရက်သတင်းများတွင် ဖော်ပြသည်။

ယခင်ကလည်း ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန္တိတ်သမုဒ္ဒရာများအတွင်းမှ ပလတ်စတစ်အမှိုက်ပုံကြီးများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။ ယင်းသိပ္ပံပညာရှင်နှစ်ဦးသည် ဩစတြေးလျနိုင်ငံ ပါသ့်မြို့မှ မိုင် ၃၀၀၀အကွာရှိ သမုဒ္ဒရာရေပြင်ထဲမှ ပလတ်စတစ်များ အပါအဝင် အမှိုက်နမူနာ ၁၂ မျိုးကို စုဆောင်းရယူကာ ယင်းအမှိုက်ပြင်ကြီးနှင့် ပတ်သက်၍ အစီရင်ခံဖော်ပြခဲ့သည်။

ယင်းသို့ ရှာဖွေတွေ့ရှိမှုသည် အိန္ဒိယသမုဒ္ဒရာ၊ တောင်ပစိဖိတ်နှင့် မြောက်ပစိဖိတ် သမုဒ္ဒရာများအတွင်းရှိ ဝဲလှည့်ရေစီးကြောင်းများအတွင်း အမှိုက်အစအနများ စီးမျောနေသည်ဆိုသည့် ယူဆချက်များကို ပိုမိုခိုင်မာသွားစေကြောင်း သတင်းများတွင် ဖော်ပြသည်။ သမုဒ္ဒရာထဲသို့ ရောက်ရှိသွားသော ပလတ်စတစ်အမှိုက်များသည် သမုဒ္ဒရာများထဲရှိ ဝဲလှည့်ရေစီးကြောင်းကြီးများအတွင်း ဝင်ရောက်သွားပါက ယင်းရေစီးကြောင်းများထဲမှ ပြန်မထွက်နိုင်တော့ဘဲ တစ်ပါတည်း ဝဲလှည့်စီးမျောနေတတ်သည်ဟုဆိုသည်။

အင်တာနက်။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် ဩဂုတ် ၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇူလိုင်၂၈ ရက်တွင် စစ်တွေမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသော လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတို့က မိမိတို့ဒေသအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ကျေးပင်ကြီးရပ်ကွက် ဆိပ်ခံတံတားသန့်ရှင်းသာယာလှပရေးနှင့် တံတားကြံ့ခိုင်မှု အခြေအနေ၊ ရေယာဉ်များ ဆိုက်ကပ်နိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူနာများ ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက် မိခင်၊ကလေးနှင့် မွေးကင်းစ ကျန်းမာရေးစောင့်ရှောက်မှု အရှိန်အဟုန်မြှင့်

နေပြည်တော် ဩဂုတ် ၅

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇူလိုင်၃၁ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)သို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအားတွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆရာဝန်တို့၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လူနာများ ဘေးအန္တရာယ် ကင်းရှင်းရေးကို အလေးထား ဆောင်ရွက်ရန်နှင့် ကျေးလက်ဒေသများကို ဦးစားပေးဆောင်ရွက်ရန်၊ မိခင်၊ ကလေးနှင့် မွေးကင်းစ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးရုံ၏ လူနာဆောင်များနှင့် တိုးချဲ့ဆောက်လုပ်လျက်ရှိသည့် သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီး ဘက်စုံသင်တန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနတို့သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ သင်တန်းပို့ချမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မှာကြားသည်။

ထို့နောက် ကျေးလက်ကျန်းမာရေးဌာန၏ စမ်းသပ်ခန်း၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်းနှင့် သင်တန်းကျောင်း၏ စာသင်ခန်းမ၊ စားဖိုဆောင်နှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီး ဘက်စုံသင်တန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာန အစည်းအဝေးခန်းမ၌ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (လျှပ်စစ်-၁)

❂ရှေ့ဖုံးမှ

ထို့နောက် ဝန်ကြီးသည် ပင်မတမံအတွင်းရှိ Access Gallery သို့ ရောက်ရှိပြီး တမံအတွင်း ထည့်သွင်းတပ်ဆင်ထားသော Dam Instrument များဖြစ်သည့် **သွန်းလောင်းထားသော RCC ကွန်ကရစ်အတွင်း Dehydraction ကြောင့်ဖြစ်ပေါ်လာမည့် ကွန်ကရစ်အပူချိန်ကို တိုင်းတာရန်အတွက် Thermocouple တပ်ဆင်ထားမှု၊ တမံအတွင်းဖြစ်ပေါ်လာမည့် တွန်းပင့်အားကို တိုင်းတာရန်အတွက် Piezometer တပ်ဆင်ထားမှု၊ ပိုင်းဖြတ်ထားသည့် Block များ၏ ကွာဟမှုနှင့် ရွေ့လျားမှုကို တိုင်းတာရန်အတွက် Jointmeter တပ်ဆင်ထားမှု၊ ရေသိုလှောင်ချိန် တမံ တိမ်းစောင်းမှု ရှိ၊ မရှိကို တိုင်းတာသိရှိနိုင်ရန်အတွက် Plumb Line တပ်ဆင်ထားမှု၊ တမံအုတ်မြစ်ကျောက်များ ရွေ့လျားမှု ရှိ၊ မရှိ တိုင်းတာသိရှိရန်အတွက် Rockmeter တပ်ဆင်ထားရှိမှု၊ တမံတိမ်းစောင်းမှု ရှိ၊ မရှိ တိုင်းတာသိရှိနိုင်ရန်အတွက် Clinometer တပ်ဆင်ထားရှိမှုနှင့် တမံ၏အရွေ့ဖြစ်ပေါ်မှု ရှိ၊မရှိ တိုင်းတာသိရှိနိုင်ရန်အတွက် Geodetic Survey စက်များ တပ်ဆင်ထားရှိမှု**တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တာဝန်ရှိသူများအား ကိရိယာများဖြင့် စောင့်ကြပ်စစ်ဆေးမှု၊ တမံရေဝင်ရောက်မှု၊ မျက်မြင်စောင့်ကြပ်စစ်ဆေးမှုတို့ကို ၂၄ နာရီပတ်လုံး အဖွဲ့များဖြင့် စစ်ဆေးမှတ်တမ်းတင်ရန် အသေးစိတ်မှာကြားသည်။

တပ်ဆင်ပြီးစီး

အဆိုပါ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅မဂ္ဂါဝပ်ရှိသည့် စက်လေးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ မှ တစ်နှစ်လျှင် ပျမ်းမျှခာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပြီး ယခုအခါ စက်လေးလုံးအနက် အမှတ်(၁)စက်နှင့် အမှတ်(၂)စက်တို့မှ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မောင်းနှင်ပေးလျက်ရှိကြောင်းနှင့် အမှတ်(၃)စက်ကိုလည်း မကြာမီကာလအတွင်း စက်တပ်ဆင်ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပါကစ္စတန်ရေလွှမ်းမိုးမှုပန်ဂျပ်ပြည်နယ်၌ ဆက်လက်ဖြစ်ပေါ် သေဆုံးသူ ၁၆၀၀ ကျော်ရှိပြီး ဒုက္ခသည်များ နယ်ကျော်ရွှေ့ပြောင်းလျက်ရှိ

အစ္စလာမ္မာဘတ် ဩဂုတ် ၅

နှစ်ပေါင်း ၈၀ ကျော်အတွင်း အဆိုးရွားဆုံးကြုံတွေ့ခဲ့ရသော ရေလွှမ်းမိုးမှုကြောင့် ပါကစ္စတန်နိုင်ငံသား လေးသန်းကျော်တို့ အတိဒုက္ခရောက်လျက်ရှိပြီး သေဆုံးသူ ၁၆၀၀ကျော်ခဲ့ပြီဖြစ်ကြောင်း ကုလသမဂ္ဂက ဩဂုတ် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန်အနောက်မြောက်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှု ကျဆင်းလျော့ပါးခဲ့သော်လည်း ပန်ဂျပ်ပြည်နယ်တွင် ရေလွှမ်းမိုးမှုအန္တရာယ်ကို ထပ်မံကြုံတွေ့နေရကြောင်း သတင်းများတွင် ဖော်ပြသည်။

ရေလွှမ်းမိုးမှုဖြစ်ပွားရာဒေသများတွင် သောက်သုံးရေတွင်းများအားလုံး ညစ်ညမ်းခဲ့ရပြီး ရေနှင့်ဆက်နွယ်ဖြစ်ပွားသော ရောဂါများလည်း ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ပါကစ္စတန်အာဏာပိုင်များက ပြောကြားသည်။

ပန်ဂျပ်ပြည်နယ်သည် ပါကစ္စတန်နိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှုဒဏ်ခံနေရသော ခုနစ်ခုမြောက်ပြည်နယ်ဖြစ်လာပြီး လူဦးရေ ၃၅၀၀၀၀ ခန့်သည် အိမ်နီးချင်းဆင်းပြည်နယ်အတွင်းသို့ ဝင်ရောက်ခိုလှုံနေကြရကြောင်း၊ ဆင်းပြည်နယ်သည်လည်း ရေလွှမ်းမိုးမှုအန္တရာယ်နှင့်ပတ်သက်၍ အရေးပေါ်သတိပေးချက်များ ထုတ်ပြန်ထား ရကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံအတွင်း မုတ်သုံမိုးဆက်လက်ရွာသွန်းဦးမည်ဖြစ်ပြီး ဒုက္ခသည်များ နယ်ကျော်ကူးပြောင်းခိုလှုံမှုများလည်း ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း သတင်းများတွင်ဖော်ပြသည်။ တရုတ်၊ အမေရိကန်နှင့် အခြားပြည်ပနိုင်ငံများသည် ကယ်ဆယ်ရေးဝန်ထမ်းနှင့် အထောက်အပံ့ပစ္စည်းများကို ပါကစ္စတန်သို့ စတင်ပို့လွှတ်နေပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

သတင်းမီဒီယာများသို့ လေယာဉ်မတော်တဆမှု သတင်းမှားပေးပို့၍ ဘေးအန္တရာယ် တုံ့ပြန်မှုဆိုင်ရာ အစမ်းလေ့ကျင့်မှု ဇင်ဘာဘွေပြုလုပ်

ဟာရာရီ ဩဂုတ် ၅

လန်ဒန်မှပျံသန်းလာသော ဘိုးရင်း ၇၆၇ လေယာဉ်သည် ဇင်ဘာဘွေနိုင်ငံ ဟာရာရီလေဆိပ်၌ မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း ဇင်ဘာဘွေ မြို့ပြလေကြောင်း တာဝန်ရှိသူများက သတင်းဌာနများသို့ သတင်းပေးပို့ကာ သတင်းထောက်များ အခင်းဖြစ်ပွားရာသို့ လာရောက်ရန်ပြောကြားခဲ့ကြောင်း ဩဂုတ် ၅ ရက် သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် ယင်းအဖြစ်အပျက်သည် အမှန်မဟုတ်ဘဲ လေ့ကျင့်မှုတစ်ရပ်သာဖြစ်ကြောင်း၊ အရေးပေါ်ဘေးအန္တရာယ်ပေါ်ပေါက်မှုဖြစ်စဉ်တွင် သတင်းမီဒီယာများ၏ တုံ့ပြန်မှုကိုသိလို၍ဖြစ်ကြောင်း ဇင်ဘာဘွေ မြို့ပြလေကြောင်းအာဏာပိုင်တစ်ဦးက ပြောကြားသည်။ အဆိုပါ ဘေးအန္တရာယ် ကာကွယ်တုံ့ပြန်ရေး လေ့ကျင့်မှုသည် အောင်မြင်ကြောင်း၊ သတင်းမီဒီယာများနှင့်အတူ ဇင်ဘာဘွေ ရဲတပ်ဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ဆေးရုံများကလည်း အစမ်းလေ့ကျင့်မှုကာလအတွင်း လျင်မြန်စွာတုံ့ပြန်နိုင်ခဲ့ကြောင်း ဇင်ဘာဘွေ မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့ အကြီးအကဲက ပြောကြားသည်။

ယင်းကဲ့သို့ သတင်းဌာနများကို သတင်းမှားပေးပို့၍ ဘေးအန္တရာယ်ကာကွယ်တုံ့ပြန်ရေးဆိုင်ရာ အစမ်းလေ့ကျင့်မှုပြုလုပ်ခဲ့သည်မှာ ဇင်ဘာဘွေနိုင်ငံသည် ပထမဆုံးမဟုတ်ပေ။ ၂၀၀၆ခုနှစ်က ကင်ညာတာဝန်ရှိသူများသည် နိုင်ရိုဘီလေဆိပ်အနီး ခရီးသည်တင်လေယာဉ်တစ်စင်းပျက်ကျကြောင်း သတင်းမှားပေးပို့ကာ အစမ်းလေ့ကျင့်မှုတစ်ရပ်ပြုလုပ်ခဲ့ဖူးသည်။

အင်တာနက်။

တူရကီနိုင်ငံအနီး ပင်လယ်နက်ရေအောက်ကြမ်းပြင်၌ ကမ္ဘာ့ဆဋ္ဌမအကြီးဆုံးမြစ်ကြီး စီးဆင်းလျက်ရှိ

လန်ဒန် ဩဂုတ် ၅

တူရကီနိုင်ငံအနီး ပင်လယ်နက် ရေအောက်တွင် ဗြိတိသျှသိပ္ပံပညာရှင်များက စက်ရုပ်ရေငုပ်သင်္ဘောတစ်စင်း အသုံးပြု၍ လေ့လာမှုများပြုလုပ်ခဲ့ရာ ဆားနှင့် သဘာဝဓာတ်ငွေ့ပေါင်းများ ပါဝင်မှုနှုန်း မြင့်မားသော ရေအောက်မြစ်တစ်စင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဩဂုတ် ၂ ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းရေအောက်မြစ်သည် ဗြိတိန်နိုင်ငံရှိ သိမ်းမြစ်ထက် အဆပေါင်း ၃၅၀ ပိုမိုကြီးမားပြီး ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက် အကြီးဆုံးမြစ်တစ်စင်းအဖြစ် စာရင်းဝင်ခဲ့ပြီဖြစ်သည်။

ယင်းရေအောက်မြစ်သည် မြေထဲပင်လယ်တွင်းရှိ ဆားဓာတ်ပါဝင်မှုနှုန်း မြင့်မားသော ဘော့စ်ဖောရပ် ရေလက်ကြားမှ ပင်လယ်နက်ထဲသို့ စီးဝင်သော ရေစီးကြောင်းဖြစ်သည်။

ပင်လယ်နက်ရေပြင်သည် ဆားဓာတ်ပါဝင်မှုနှုန်း နည်းပါးသောကြောင့် ဆားဓာတ်ပါဝင်မှုနှုန်းများ၍ သိပ်သည်းဆမြင့်မားသော ယင်းရေစီးကြောင်းသည် ပင်လယ်နက်ရေအောက်၌ မြစ်တစ်စင်းသဖွယ် စီးဆင်းနေခြင်းဖြစ်ကြောင်း ဗြိတိသျှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ယင်းရေစီးကြောင်း ဖြတ်သန်းစီးဆင်းမှုကြောင့် ပင်လယ်နက်ရေအောက်ကြမ်းပြင်၌ ရောမရေလမ်းကြောင်းကြီးတစ်ခု ဖြစ်ပေါ်ခဲ့ပြီးမြေပေါ်တွင်စီးဆင်းသော မြစ်တစ်စင်းကဲ့သို့ပင် အဆိုပါ ရေလမ်းကြောင်းတွင် မတ်စောက်သော ကမ်းပါးနှစ်ဖက် ဖြစ်ပေါ်နေကြောင်း သိရသည်။

အင်တာနက်။

နေတိုး၏ လေကြောင်းထိုးစစ်ကြောင့် အာဖဂန်အရပ်သား ၁၂ ဦးသေဆုံး

ကဘူး ဩဂုတ် ၅

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့၏ တပ်မှူး အမေရိကန်ဗိုလ်ချုပ်ကြီး ဒေးဗစ်ပက်ထရေးယပ်စ်က နေတိုးတပ်ဖွဲ့ဝင်များအား တိုက်ပွဲများအတွင်း အရပ်သားများ ထိခိုက်သေဆုံးမှုကိုရှောင်ရှားရန် တိုက်တွန်းပြောကြားခဲ့ပြီးနောက် နေတိုးတပ်ဖွဲ့၏ စစ်လေကြောင်း တိုက်ခိုက်မှုတစ်ရပ်ကြောင့် အာဖဂန်အရပ်သား ၁၂ ဦး သေဆုံးခဲ့ကြောင်း ဩဂုတ် ၅ ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းသို့ နေတိုးတပ်ဖွဲ့၏ လေကြောင်းထိုးစစ်ကြောင့် အရပ်သားများ သေဆုံးမှုသည် တာလီဘန်များကြီးစိုးရာ အာဖဂန်နစ္စတန်အရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ ဖြစ်ပွားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ထို့အပြင်ယင်းပြည်နယ်၌ အလားတူဖြစ်ရပ်မျိုး ထပ်မံဖြစ်ပွားခဲ့သည့် သတင်းများထွက်ပေါ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန် သမ္မတဟာမစ်ကာဇိုင်းက ယင်းကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် ညွှန်ကြားထားကြောင်း သတင်းများအရ သိရသည်။

အင်တာနက်။

သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ

ဒေါက်တာ နီနီအေး

ကျန်းမာရေးဝန်ကြီးဌာနက ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာမှာ သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကိုလည်း အမျိုးသားရေးအသွင်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

သွေးလွန်တုပ်ကွေးရောဂါဆိုတာ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး လေးမျိုးကြောင့်ဖြစ်ပြီး ရောဂါပိုးသယ်ဆောင်ထားတဲ့ ခြင်ကျား၊ ခြင်ပုန်းလို့ခေါ်တဲ့ အေးဒီး(စ်)ခြင် ကိုက်ခြင်းမှတစ်ဆင့် ကူးစက်ခံရတဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုမှုစနစ်ကို နိုင်ငံအတွင်း ရောဂါမဖြစ်ပွားခင် ၁၉၆၄ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်ကျမှ ရန်ကုန်မြို့မှာ သွေးလွန်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားခဲ့ပါတယ်။ ၁၉၇၀ ပြည့်နှစ်မှာတော့ ရန်ကုန်မြို့မှာ ကပ်ရောဂါအသွင်ဖြစ်ပွားခဲ့ပြီး လူဦးရေ ၁၆၅၄ ဦး ဖြစ်ပွားခဲ့ကာ ၉၁ ဦး သေဆုံးခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာတစ်ကြိမ် ကပ်ရောဂါအသွင် ထပ်မံဖြစ်ပွားခဲ့ပြီး ၄၄၄ ဦး သေဆုံးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှစပြီး ချင်းပြည်နယ်က လွဲလို့ ပြည်နယ်/တိုင်း အသီးသီးမှာ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှု ရှိနေပြီဖြစ်ပါတယ်။

သွေးလွန်တုပ်ကွေးရောဂါ တစ်ကြိမ်ဖြစ်ပြီးရင် နောက်ထပ်လည်း ဖြစ်နိုင်ပါတယ်။ ပထမတစ်ကြိမ်ဖြစ်ပြီးရင် နောက်တစ်ကြိမ်မှာ ပိုပြီးပြင်းထန်တတ်ပါတယ်။ များသောအားဖြင့် အသက် (၁၅)နှစ်အောက် ကလေးတွေမှာ ဖြစ်ပေမယ့် အခုနှစ်တွေမှာ (၁၅)နှစ်အထက် လူငယ်/လူကြီးတွေမှာလည်း ဖြစ်လာပါတယ်။ အရင်ကမြို့ကြီးတွေမှာပဲ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များသော်လည်း အခုဆိုရင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး မြို့ပြဆန်လာတဲ့ ကျေးရွာတွေရော၊ သာမန်ကျေးရွာတွေမှာပါ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များလာပါတယ်။ ဒါကြောင့် သွေးလွန်တုပ်ကွေးဟာ ဆင်းရဲ၊ ချမ်းသာမရွေး၊ မြို့/ရွာမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်ကြီးငယ်မရွေး၊ ကျား/မ မရွေး ဖြစ်ပွားမှုရှိလာပါတယ်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေမှာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိတာကို တွေ့ရှိနိုင်ပါတယ်။

သွေးလွန်တုပ်ကွေးရောဂါဟာ နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီး မိုးရာသီမှာ အဖြစ်များတဲ့ ရောဂါတစ်ခုဖြစ်ပါတယ်။ အခုနှစ်တွေမှာ တစ်နှစ်ပတ်လုံး ကူးစက်မှုရှိလာပြီး နှစ်နှစ်မှ သုံးနှစ်အတွင်းမှာ တစ်ကြိမ်ထူးကဲစွာ ဖြစ်ပွားမှုရှိတတ်ပါတယ်။ အခုနှစ်တွေမှာ အိန္ဒိယ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာစတဲ့ နိုင်ငံတွေမှာလည်း သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုများလာတယ်ဆိုတာ ၂၀၁၀ ခုနှစ် ဇွန်လက ထိုင်းနိုင်ငံမှာ ကျင်းပတဲ့ ဒေသဆိုင်ရာ သွေးလွန်တုပ်ကွေး အစည်းအဝေးမှာ ရရှိတဲ့စာရင်းဇယားများအရ သိရှိရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို ပေးပို့ခဲ့တဲ့ စာရင်းဇယားတွေအရ အရှေ့တောင်အာရှနိုင်ငံတွေမှာ ဆယ်စုနှစ်များအလိုက် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု များပြားလာတာကို သတိပြုမိပါတယ်။ မြန်မာနိုင်ငံမှာလည်း ဆယ်စုနှစ်များအလိုက် များပြားလာတာကို တွေ့ရှိရပါတယ်။ ဒီလိုဖြစ်ပွားမှုများလာရတဲ့ အကြောင်းရင်းတွေကတော့ ရာသီဥတုပူနွေးလာမှုကြောင့် အေးဒီး(စ်) ခြင်သာမက ခြင်အမျိုးမျိုးပေါက်ပွားမှုမြန်လာတယ်။ ခြင်ကိုက်နှုန်းတွေများလာတယ်။ တစ်နေရာနှင့် တစ်နေရာ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာတဲ့အတွက် ကူးစက်ရောဂါ၏ သဘောသဘာဝအရ ကူးစက်ပျံ့နှံ့မှုတွေ များလာတဲ့အတွက် ဖြစ်ပါတယ်။

သွေးလွန်တုပ်ကွေးရောဂါဟာ ရောဂါပိုးသယ်ဆောင်ထားတဲ့ ခြင်ပုန်း၊ ခြင်ကျားကိုက်ခြင်းကြောင့် ကူးစက်ခံရပြီး ရုတ်တရက် ဖျားတတ်ပါတယ်။ နှစ်ရက်မှ ခုနစ်ရက်ခန့် ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်စိနောက်တွင်နာကျင်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း စသည့် လက္ခဏာတွေကတော့ သာမန်သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာတွေဖြစ်ပါတယ်။ ဖျားနေရာကနေ ရုတ်တရက်အဖျားကျပြီး ခြေဖျား၊ လက်ဖျားအေးစက်လာမယ်။ မှိန်းနေမယ်ဆိုရင် သွေးလန့်တဲ့ လက္ခဏာဖြစ်လို့ လူနာအတွက် အသက်အန္တရာယ်ရှိနိုင်တဲ့အတွက် ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ရမှာ ဖြစ်ပါတယ်။ ဖျားနေရင်း သွေးယိုစီးတဲ့ လက္ခဏာဖြစ်တဲ့ အရေပြားပေါ်မှာ အနီစက်ကလေးများ ထွက်ခြင်း၊ သွားဖုံးမှ သွေးယိုစီးခြင်း၊ အန်တဲ့အခါ အဖြူရောင်အရည်တွေထဲမှာ ကော်ဖီအဖတ်တွေလို အညိုရောင်အမှုန်များ၊ အဖတ်ကလေးများ ပါလာခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊ နှာခေါင်းသွေးယိုခြင်း စသည်တို့ဖြစ်ခဲ့ရင် ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ကုသခံဖို့ လိုအပ်ပါတယ်။

သွေးလွန်တုပ်ကွေးရောဂါပိုးကို သယ်ဆောင်တဲ့ ခြင်ကျား၊ ခြင်ပုန်းလို့ခေါ်တဲ့ အေးဒီး(စ်) ခြင်ဟာ ရေကြည်၊ ရေသန့်မှာပဲပေါက်တဲ့ အလေ့အထရှိတာမို့ အိမ်တွင်း၊ အိမ်ပြင်မှာ ရေဝပ်နေတဲ့နေရာ၊ ရေကြည်၊ ရေသန့် ထည့်ထားတဲ့ ဘုရားပန်းအိုး၊ ညောင်ရေအိုး၊ လုံလုံခြုံခြုံ မဖုံးထားတဲ့ရေပုံး၊ ရေအိုး၊ ရေကန်၊ အိမ်ပြင်မှာ စွန့်ပစ်ထားတဲ့မိုးရေတင်ကျန်နိုင်တဲ့ ဘူးခွံများ၊ ပုံးခွံ၊ အိုးခြမ်းပဲ့၊ အုန်းမှုတ်ခွက်၊ ကားတာယာ၊ ဆိုင်ကယ်တာယာအတွင်း ဝပ်နေတဲ့ရေထဲမှာ အေးဒီး(စ်) ခြင်ရဲ့ ပိုးလောက်လမ်းတွေကို တွေ့နိုင်ပါတယ်။ ခြင်တွေရဲ့ သဘာဝကတော့ ရာသီဥတု ပူအိုက်စွတ်စိုပြီး အပူချိန်မြင့်တဲ့အခါမှာ ပေါက်ပွားမှုမြန်ပြီး ရောဂါကူးစက်မှုကို ပိုမိုဖြစ်ပွားစေပါတယ်။ ယခုအခါမှာ ရာသီဥတုပြောင်းလဲလာတယ်။ ကမ္ဘာကြီးပူနွေးလာတဲ့အတွက် ခြင်တွေပေါက်ပွားနိုင်တဲ့ အခြေအနေကောင်းတွေကို ဖန်တီးနေပါတယ်။

မြန်မာနိုင်ငံမှာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို နည်းဗျူဟာများချမှတ်၍ ဆောင်ရွက်လျက်ရှိပါတယ်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအနေဖြင့် ရောဂါမဖြစ်ပွားမီ ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများ (ဖုံး၊ သွန်၊ လဲ၊ စစ်) ဆောင်ရွက်ခြင်းကို ပြည်သူလူထုအနေနဲ့ မိမိတို့ အိမ်တွင်း၊ အိမ်ပြင်နဲ့အိမ်ပတ်ဝန်းကျင်တွေတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နိုင်ပါမှ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုကို လျော့နည်းစေနိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးဌာနကလည်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားမီအေးဒီး(စ်)ခြင်ပုန်း၊ ခြင်ကျားများရဲ့ ပိုးလောက်လမ်းများတွေ့ရှိမှုနှုန်းများသော ကျေးရွာ/ရပ်ကွက်တွေမှာ ပိုးလောက်လမ်းကိုသေစေတဲ့ဆေး(Abate) ဆေးခတ်ခြင်းကို မသွန်နိုင်မလှယ်နိုင်သော ရေကန်၊ ရေအိုး၊ ရေစည်တွေမှာ ထည့်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ခြင်းတွေကို လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ Abate ဆေးဟာ ပိုးလောက်လမ်းများကိုသာ သေစေနိုင်ပြီး လူကို အန္တရာယ်မဖြစ်စေတဲ့အတွက် အဲဒီရေတွေကို သောက်ရေ၊ သုံးရေအဖြစ် သုံးစွဲနိုင်ပါတယ်။ သွေးလွန်တုပ်ကွေး လူနာဖြစ်ပွားခဲ့ရင် ကျန်းမာရေးဝန်ထမ်းတွေက လူနာအိမ်နဲ့ ကိုက် ၃၀၀ အတွင်း ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေရဲ့ ကူညီပံ့ပိုးမှုနဲ့ ပြည်သူလူထုရဲ့ ပူးပေါင်းကူညီမှုနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မူကြိုကျောင်းတွေနဲ့ စာသင်ကျောင်းတွေမှာ ခြင်ဆေးမှုတ်ခြင်း၊ ခန်းဆီးများကို ဆေးစိမ်ပေးခြင်း၊ ကျောင်းတွေမှာ ကျန်းမာရေးပညာပေးခြင်း၊ ခြင်ကျားကင်းဝေးရေးကျောင်းများထူထောင်ခြင်း စတဲ့ သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုသွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ရာမှာ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ မြို့တော်စည်ပင်နှင့် နယ်စပ်စည်ပင်မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခြင်းကြောင့် တစ်နိုင်ငံလုံးမှာ ၂၀၀၉ ခုနှစ် ပထမခြောက်လပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၇၉၂၆ ဦး၊ သေဆုံးသူ ၇၆ ဦး၊ သေဆုံးမှုရာခိုင်နှုန်းသုည ဒသမ ၉၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၀ ခုနှစ် ပထမခြောက်လပတ်တွင် ရောဂါဖြစ်ပွားသူ ၅၅၂၅ ဦး၊ သေဆုံးသူ ၃၆ ဦး၊ သေဆုံးမှုရာခိုင်နှုန်းသုည ဒသမ ၆၅ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရပါတယ်။ ဒါပေမယ့် အခုနှစ်မှာ ပြည်နယ်/တိုင်းအချို့ရှိ မြို့နယ်တွေမှာ မနှစ်ကထက်ဖြစ်ပွားမှုများနေကြောင်း တွေ့ရှိရတဲ့အတွက် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုအပေါင်း သွေးလွန်တုပ်ကွေးရောဂါမှ ကင်းဝေးစေရန်အတွက် ပြည်သူလူထုအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားတဲ့ အောက်ပါသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်တွေကို တိကျစွာလိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

မိုးရာသီအတွင်း အသက်သုံးနှစ်မှ ၁၄ နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်၊ ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှ ရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကိုဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။ (အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ပေးပါ။)

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၈-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ အကပြိုင်ပွဲ
၈း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၅ ၈။ "ဆည်ရေလျှံလျှံကန့်ဒေါင့် ရေလှောင်တမံ"
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၃၅ ၈။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ) (အပိုင်း-၂၃)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ ခေတ်အဆက်ဆက် အထိမ်းအမှတ်များ (စတီရီယိုတေးသံရှင်များ) (တေးရေး-မင်းချစ်သူ)
၁၇။ "လျှပ်တစ်ပြက်ဟာသများ"
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမပိုင်း) (အပိုင်း-၁၀)**
၁၉။ သီချင်းချစ်သူ (Lလွန်းဝါ)
၂၀။ အစီအစဉ်ပြီး၏။

ရေကြည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် ဩဂုတ် ၅

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၅ ရက်က ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အေးက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် အသင်းသား၊ အသင်းသူများက အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးအဘိုးအဘွား ၃၅ ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် စုပေါင်းပူဇော်ကန်တော့ကြပြီး **(အပေါ်ပုံ)** နာယက ဦးထွန်းတင်က ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝါသနာရှင် (ပထမတန်း) ဒုံမင်း တတိယဆုရှင် ဒေါ်ရည်ဘုန်းဆွေအား ဂုဏ်ပြုဆုချီးမြှင့်သည်။ ဆက်လက်၍ အဖွဲ့ဝင် ၂၆ ဦးပါဝင်သော ၂၀၁၀-၂၀၁၁ အလုပ်အမှုဆောင် အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြကြောင်းသိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအသင်းခွဲ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအသင်းခွဲမှ Survival of the Fittest: Adaptation ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ Auditorium A ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါဟောပြောပွဲတွင် မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်က လာနီညာရာသီဥတုဖြစ်ပေါ်လာနိုင်ခြေသုံးသပ်ချက်ကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၁) ဇီဝကမ္မဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမြတ်သန္တာက ရာသီဥတုပြောင်းလဲမှုကိုလိုက်၍ ဇီဝကမ္မဆိုင်ရာ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေ နေထိုင်ခြင်းအကြောင်းကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ အငြိမ်းစားပါမောက္ခ ဒေါ်ခင်အေးဝင်းက ခေတ်၏ပြောင်းလဲမှုကိုလိုက်၍ လူတို့၏စိတ်ဓာတ် ရင့်ကျက်မှုနှင့် လူမှုရေးစံခံယူချက်များ ပြောင်းလဲလာမှုအကြောင်းကိုလည်းကောင်း၊ ဆေးတက္ကသိုလ် (၁) စိတ်ရောဂါကုပညာဌာနမှ ပါမောက္ခ ဦးခင်မောင်ကြီးက ဖိစီးမှုများနှင့် မည်သို့ရင်ဆိုင်ဖြေရှင်းသင့်သည်များကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။

စုံစမ်းနိုင်

စိတ်ပါဝင်စားသူများသည် ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့ရှိ ဇီဝကမ္မဗေဒဌာနနှင့် ဇီဝဓာတုဗေဒဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

တန့်ယန်းမြို့သို့ ရောက်ခါနီး ညာဘက်ခြမ်းဆီက (၇) မိုင် ဘုရားကုန်းလေးကို ဖြတ်တိုင်းဖြတ်တိုင်း ရီဝေဝေမောစွာဖြင့် ကျွန်တော်အမြဲဖူးဖြစ်သည်။ အကြောင်းမှာ ဘုရားကုန်းအနီး၌ တစ်နာရီခန့် တိုက်ပွဲဖြစ်ခဲ့ဖူးပြီး ကျွန်တော့်တပ်ခွဲက စစ်သည်သုံးဦး အသက်စွန့်သွားခဲ့ကြသည်။ ၁၉၉၃ ခုနှစ်နောက်တစ်ကြိမ်ရောက်သည်အထိ ဘုရားငုတ်တိုများသာရှိနေသော ထိုကုန်းလေးတွင် ယခုအခါ ရွှေရောင်တဝင်းဝင်းနှင့် တင့်တယ်သပ္ပာယ်စွာ စံနေတော်မူသော ဘုရားစေတီများကို ဖူးတွေ့ရသည်မှာ ကြည်နူးစရာ။

တန့်ယန်းမြို့ လူငယ်သင်တန်းကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင် မနန်းမြအောင်။

တစ်ချိန်သောကာလက ဗွက်တော၊ ချိုင့်တောများကိုဖြတ်၍ ကားကြီးများသာ တည်းညည်း တညူညူ သွားနေကြသော လားရှိုး-တန့်ယန်းကားလမ်း။ ဟိုဘက်သည်ဘက် တစ်ဝက်ကြိုး နေရာဖြစ်သည့် ဟိုယဆိုသောရွာကလေးတွင် ဝါးတဲထမင်းဆိုင်လေးများသာရှိခဲ့သော လားရှိုး-တန့်ယန်းကားလမ်း။ လမ်းတစ်လျှောက်ဖြတ်သွားရသည့် နမ့်ပေါင်၊ မိုင်းပတ်၊ မန်ကတ်ဆိုသောကျေးရွာများသည် မြင်နေကျ ရှမ်းရွာများထက် ဘာဆိုဘာမျှ ထူးခြားမလာသော လားရှိုး-တန့်ယန်းကားလမ်း။ ယခုတစ်ခေါက်တော့ ကျွန်တော်ဩချရပြီ။ လားရှိုး-တန့်ယန်းကားလမ်းတစ်လျှောက် ဗင်ကားလေးများ တဝီဝီ။ ဆိုင်ကယ်တွေဆိုသည်မှာ ပြောမနေနှင့်တော့။ လမ်းကွေ့တိုင်းမှာ သတိထား ရှောင်နေရသည်။ လမ်းတစ်လျှောက် ကီလို ၆၀ အောက်မကျအောင် မောင်းနိုင်သဖြင့် နှစ်နာရီခွဲခန့်နှင့် ခရီးပေါက်ခဲ့သည်။ နမ့်ပေါင်၊ မိုင်းပတ်၊ မန်ကတ်ရွာလေးများသည် မြို့ပြအသွင်သို့ ကူးနိုင်ရန် အားယူရုန်းထနေကြပြီဖြစ်သည်။ ယခင်က တဲပုတ်များဖြင့် ပြွန်းနေသော ဟိုယသည်ပင်လျှင် နှစ်ထပ်တိုက် ထမင်းဆိုင်တွေ ဘာတွေဖြစ်နေပြီး ခုမှရောက်လာသော ကျွန်တော့်ကို လှောင်ပြုံးပြုံးနေသယောင်ယောင်။ ဟိုယကို အထင်သေးရန်ကော ဆိုသည့်သဘော။

တန့်ယန်းမြို့ရောက်ခါနီးမှာ ဘွားခနဲမြင်လိုက်ရသည်က စိမ်းစိုညို့မှိုင်းနေသော လက်ဖက်စိုက်ခင်းကြီးများနှင့် သစ်လွင်တောက်ပနေသော လက်ဖက်ခြောက်စက်ရုံ။ တန့်ယန်းဒေသသည် အပြောင်းလဲကြီး ပြောင်းလဲသွားပါပကောလား။ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်မှာ လူနေအိမ်ခြေသိပ်သည်းလာသည်။ မြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၉ အုပ်စု၌ ကျေးရွာပေါင်း ၆၀၁ ရွာပါဝင်သည်။ တန့်ယန်း-လားရှိုးကားလမ်း ၈၃ မိုင်၊ တန့်ယန်း-ပန်ဆန်းကားလမ်း ၁၀၄ မိုင်၊ တန့်ယန်း-မိုင်းရှူးကားလမ်း ၅၅ မိုင်၊ တန့်ယန်း-မိုင်းရယ်ကားလမ်း ၃၃ မိုင်တို့ကလည်း ဒေသတွင်း လူမှုစီးပွားမြင့်မားတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်ခဲ့သည်။ မြို့နယ်အတွင်း၌ အထက သုံးကျောင်း၊ အထကခွဲ နှစ်ကျောင်း၊ အလက လေးကျောင်း၊ အလကခွဲ နှစ်ကျောင်း၊ မူလတန်းလွန် ခုနစ်ကျောင်း၊ အမက ၈၉ ကျောင်းတို့ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ၂၀၁၀ ခုနှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ဂုဏ်ထူးရှင်များထဲ၌ တန့်ယန်းမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးလူငယ်သင်တန်းကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင် ကျောင်းသူ မနန်းမြအောင် (ခ) မခင်နှင်းဆီလည်း အပါအဝင်ဖြစ်သည်။

မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် (၂၅) ခုတင်ဆံ့ ဆေးရုံ တစ်ရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံ နှစ်ရုံ၊ အဆုတ်ရောဂါတိုက်ဖျက်ရေးဌာန တစ်ခု၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန တစ်ခု၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာန တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ရှစ်ခု၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန တစ်ခုတို့ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပေသည်။

တန့်ယန်းဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍကို တစ်ခေတ်ဆန်းသစ်စေသည်က လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ ယခုနှစ် စိုက်ပျိုးရာသီတွင် ၂၄၅၅ ဧက ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း တွေ့ရသည်။ မြို့အဝင်မှာ လက်ဖက်ခင်း၊ မိုင်းကောင်ဘက်အထွက်မှာလည်း လက်ဖက်ခင်း၊ တာကော်အက်တံတားဘက်အထွက်မှာလည်း လက်ဖက်ခင်းနှင့်ဆိုတော့ကာ တန့်ယန်းမြို့သည် လက်ဖက်ခင်းများ၏ အလယ်၌ စိမ်းစိုသာမောဖွယ်ရာ တည်ရှိနေပြီဆိုသည့် သဘောပင်။

ကျွန်တော်တို့ ရောက်ရှိသွားစဉ်က ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းသိန်း၏ ခရီးစဉ်နှင့်လည်း ကြုံကြိုက်နေ၍ ရန်အောင်မြင်ရိပ်သာသို့ သွားရောက်နှုတ်ဆက်ခွင့်ရခဲ့သည်။ ဒုတိယတိုင်းမှူးသည် လက်ဖက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ လက်ဖက်နှင့်ပတ်သက်၍ အခြားမြို့ရွာများထက် သာလွန်အောင်၊ အခြားနိုင်ငံများထက် သာလွန်အောင်၊ စိုက်ပျိုးထုတ်လုပ်မှု အပိုင်းမှာရော၊ နည်းပညာပိုင်းမှာပါ တီထွင်ကြံဆ ကြိုးပမ်းအားထုတ်လုပ်ကိုင်ကြရေး အလေးထားမှာကြားနေသည်ကို တွေ့ရ၏။ စင်စစ် ရန်အောင်မြင်ရိပ်သာသည်ပင် ကျွန်တော်တို့ ကွန်းခိုခဲ့ဖူးရာ နေရာလေးတစ်ခု။

တန့်ယန်းမြို့မှ တစ်မိုင်ခွဲခန့်အကွာ နောင်မို၊ နောင်ဟီးကျေးရွာအနီး၌ အကျယ် ပေ ၆၀၊ အရှည်ပေ ၃၀၀ခန့် လိုဏ်ဂူတစ်ခုတွေ့ရှိခဲ့ရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော် ဦးဆောင်၍ ထိုနေရာအထိ လမ်းများဖောက်လုပ်၊ ဖြုန်းကျောက်ခင်းပြီး လိုဏ်ဂူအတွင်း၌ ရွှေတိဂုံစေတီပုံတူ၊ မဟာမုနိရုပ်ပွားတော်ကြီးပုံတူ၊ ကျိုက်ထီးရိုးစေတီ၊ ပြည်ရွှေဆံတော်၊ ရွှေသာလျောင်းဘုရား စသည့် ပုံတူဘုရားစေတီ အဆူဆူတို့ကို တည်ထားကိုးကွယ်လျက် ရှိကြသည်။ ထိုဘုရားအဆူဆူ တည်ရှိရာအရပ်သို့ မရောက်ဖူး၊ မဖူးဖူးသော ဒေသခံတိုင်းရင်းသားများအတွက် ရည်ရွယ်တည်ထားခြင်းဖြစ်ကြောင်း သိရသည်။ နောင်သောအခါ ထိုနေရာသည် တန့်ယန်းဒေသအတွက် ထူးခြားသော နေရာတစ်ခုဖြစ်လာမည်ဟု ယုံကြည်မိသည်။

တစ်ချိန်က ကျွန်တော်၏ ဆောင်းပါးတစ်ပုဒ်၌ တန့်ယန်းမြို့ကို လက်ဝါးသာသာအရွယ် မြို့ကလေးတစ်မြို့ဟု ရည်ညွှန်းရေးသားခဲ့ဖူးပါသည်။

ယနေ့တွေ့မြင်ရသော တန့်ယန်းမြို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးစည်ပင်မှုအနေအထား၊ တိုးတက်မြင့်မားလာသော လူမှုစီးပွားအနေအထားတို့သည် ကျွန်တော် နေထိုင်ခဲ့ဖူးသော လက်ဝါးသာသာအရွယ် တန့်ယန်းမြို့၏ ရှေးယခင်ကာလနှင့် နှိုင်းယှဉ်မရအောင် ကွာခြားသွားပြီဖြစ်သည်။ ဤသည်မှာ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းခြင်း၏ အကျိုးရလဒ် နိမိတ်ပုံတစ်ခုပင် မဟုတ်ပါလား။ ။

တန့်ယန်းမြို့အဝင် ဆိုင်းဘုတ်နှင့် မြေယာရှုခင်းအလှကို တွေ့ရစဉ်။

ပါမောက္ခဒေါက်တာပိုင်စိုး၏ ကျန်းမာရေး ပညာပေး ဆောင်းပါးပေါင်းချုပ် စာအုပ်ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဩဂုတ် ၅

ပါမောက္ခဒေါက်တာပိုင်စိုး၏ ကျန်းမာရေး ပညာပေး ဆောင်းပါးပေါင်းချုပ် စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါ စာအုပ်တွင် ကျန်းမာစေဖို့ အန္တရာယ်ကင်းစွာ စားကြစို့၊ သက်ရှည်ကျန်းမာစားသောက်နေထိုင်ရာ ကျန်းမာရေးနှင့် လက်ဖက်စိမ်း၊ လက်ဆေးခြင်း၊ ပါးစပ်၊ နှာခေါင်းစည်းနှင့် ကမ္ဘာ့လူတုပ်ကွေးရောဂါ၊ လူတိုင်းအတွက် ဗီတာမင်ဒီ၊ အဝလွန်ရောဂါအကြောင်း သိကောင်းစရာ၊ မိခင်နှင့်ကလေး ကျန်းမာစေဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့၊ မယ်လမင်းနှင့် လူသားကျန်းမာရေး၊ ကျန်းမာရေးအတွက် စားသုံးဆီ၊ အားလုံးအတွက် သန့်ရှင်းရေး၊ မိခင်နှင့်ကလေးကျန်းမာဖို့ သန်ချဆေးကို သောက်ကြစို့ စသည့် ဆောင်းပါးများ အပါအဝင် ဆောင်းပါး ၂၂ ပုဒ်ကို စုစည်းဖော်ပြထားသည်။

အမှာစာရေးသားပေးသော မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ(ငြိမ်း) ဒေါက်တာဦးကိုကိုက ပါမောက္ခဆရာကြီး ဦးပိုင်စိုး၏ ဆောင်းပါးပေါင်းချုပ်ကို ခြုံငုံသုံးသပ်မည်ဆိုလျှင် ထိုဆောင်းပါးများသည် ဗဟုသုတတိုးပွားစေရန်အလို့ငှာ အပေါ်ယံဖတ်ရှုလေ့လာရန်ထက် လိုက်နာဆောင်ရွက်ကျင့်သုံးနိုင်ရန် အလေးထားပြီး စနစ်တကျ တိကျစွာ လေ့လာမှတ်သား နာယူသင့်သော ကျမ်းတစ်ခုအဖြစ် သိမ်းဆည်းထားသင့်ကြောင်း မှတ်ချက်ပြုထားသည်။

ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ယုံကြည်ချက်စာပေ အမှတ်(၁၁၁) (၃၃) လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



စာပေဗိမာန်ထုတ် သုတပဒေသာစာစောင် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ၂၀၁၀ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာစာစောင် အတွဲ (၃၇)၊ အမှတ် (၈)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် ငွေမောင်၊ ဒေါက်တာခင်မောင်ညွန့်၊ မြတ်ငြိမ်း၊ မောင်မြင့်ကြွယ်၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ဆောင်းဝင်းလတ်၊ မြသိန်း၊ အောင်ချိန်ဘွား၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အငြိမ်းစား ပါမောက္ခတစ်ဦး၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ ခင်စောတင့်၊ ဒေါက်တာမြင့်မြင့်သိန်း၊ တက္ကသိုလ်မိုးမြင့်၊ မင်းကြော့ရှိန်၊ ကံမြင့် (ရေဒါ)၊ စိုးသီဟနောင်၊ မြင့်ဦးမောင်၊ မြတ်မင်း၊ ကျော်ရှင်းလှတိုး (စိတ်ပညာ)၊ မျှုးခင် (ရွှေပြည်သာ)၊ မောင်ဝင်းသူ (ဝါးခယ်မ)၊ မြင့်လွင် (ဂျပန်ဘာသာ)၊ မောင်တင်ဦး (ရုက္ခ)၊ စိန်ဝင်းနွယ်၊ မြဟန်သိန်းမောင်၊ ဒေါက်တာလွှမ်းမိုးဟန်၊ မောင်လှိုင်းသစ်၊ မြဆန်းကို (ကြေး/မြေ)၊ စိန်ဝင်းမော်၊ အောင်ဝေ၊ မင်းမွန်အောင်၊ လေးဝတီကျော်၊ သက်၊ မြတ်လေးဖြူ၊ ထက်မြက် (စမ်းချောင်း)၊ တက္ကသိုလ် မောင်တံခွန် စသည့် စာရေးဆရာများ၏ ဘာသာပြန် ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုများ ပါဝင်သည်။

အဆိုပါစာစောင်တွင် ကလေးကြီးထွားဖွံ့ဖြိုးမှုအပေါ် မိသားစုဘဝ လွှမ်းမိုးထားမှုများ၊ ပုံမှန်မဟုတ်သော စိတ်အစွဲအလမ်း ပြင်းပြသည့်ရောဂါ၊ တုပ်ကွေးနှင့် တရုတ်ရိုးရာ တိုင်းရင်းဆေး၊ ကျားနှစ်တွင် ကျားမျိုးမသုဉ်းဖို့ ကာကွယ်စို့၊ အင်္ဂလိပ်စကားပုံ၊ ဖြန့်ကြက်လာသော တရုတ်လေရဟတ်၊ မြတ်ဗုဒ္ဓရှင်တော်ဘုရား ဒေသစာရီကြွချီရာ လမ်းကြောင်း၊ ဂုန်လျှော်သို့မဟုတ် အိန္ဒိယရွှေမျှင်များ၊ ဝေါဟာရကြွယ်ပါစေ၊ ဖာရောက်တို့ စံမြန်းခဲ့ရာနယ်မြေ၊ ထိတ်လန့်ဖွယ် အဏုမြူ သတိလစ်မေ့မြောနေသူ၏ အဖြေစကားကို ဖော်ထုတ်ခြင်း၊ ဖျက်အားကောင်းသောကြွက်၊ စမတ်ကျပါ အင်္ဂလိပ်စာ၊ သီးနှံများနှင့် အနာဂတ်ပြဿနာ၊ လယ်သမားများနှင့် ရာသီဥတုပြောင်းလဲမှု၊ အိမ်ရှင်မစက်ရုပ်ကလေး၊ စိတ်ဖိအားတို့ကို စွမ်းအင်အဖြစ် အသုံးချနည်း၊ သေမင်းခံတွင်းမှ လွတ်မြောက်ခဲ့သော မိသားစု၊ လုပ်ငန်းခွင် လူမှုကျင့်ဝတ်၊ ဝေါဟာရဉာဏ်စမ်းပဟေဠိ၊ ကမ္ဘာတစ်လွှား ဘာသာစကားများအတွက် စိုးရိမ်ရေမှတ်၊ နိုင်ငံတကာသတင်းမှတ်စု၊ ဘာသာပြန်စာအုပ်စင်နှင့် လစဉ်ပါနေကျ ဘာသာပြန်ကဗျာ၊ နိုင်ငံတကာမြင်ကွင်း၊ ဟာသ၊ ထူးဆန်းထွေလာ ဤမြေကမ္ဘာ၊ တရုတ်နက္ခတ္တဗေဒင်၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်းစသည့် ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ်ရာ သုတရသအကြောင်းအရာမျိုးစုံ ပါရှိသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဆုချီးမြှင့်

ဩဂုတ် ၅ ရက်က တာမွေမြို့နယ် မြို့နယ်ပညာရေးမှူးဒိုင်း အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၀)နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ကျောင်းမိသားစု (၂) ဘောလုံးအသင်းအား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန် ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

သဲကုန်းမြို့နယ် မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်

နေပြည်တော် ဩဂုတ် ၅

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် သဲကုန်းမြို့နယ် ကြို့ပင်သာအုပ်စု၌ ကျင်းပသော မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးရာ တာဝန်ရှိသူတစ်ဦးက သဲကုန်းမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထွန်ယက်ထားရှိမှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် မိုးစပါး စိုက်ပျိုးရန် စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုကိုကြည့်ရှုအားပေးပြီး ကောက်စိုက်လုံမေများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကာ ဒေသခံတောင်သူများအားရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် သဲကုန်းမြို့နယ် ကန်နှစ်ဆင့်ကျေးရွာအုပ်စု၌ မိုးစပါး စိုက်ပျိုးထွန်ယက် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ကောက်စိုက်လုံမေများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ပေါင်းတလည်ဘူတာသို့ ရောက်ရှိပြီး ဘူတာအတွင်း သံလမ်းခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်မြို့နယ် မြောင်းဆုံကျေးရွာအုပ်စု၌ ကျင်းပသော မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးမှုအခမ်းအနားသို့ တက်ရောက်၍ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာမိုးစပါးစုပေါင်း ထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ပြည်မြို့နယ်အတွင်း နွေစပါးရိတ်သိမ်း ပြီးစီးမှု၊ မိုးစပါးနှင့် သီးနှံစိုက်ပျိုးစီမံဆောင်ရွက်ထားရှိမှု အခြေအနေများ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးလှထွန်း မန္တလေးမြို့၌ ဘဏ်နှင့် အကောက်အခွန်ဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြား

နေပြည်တော် ဩဂုတ် ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့လိုက်ပါလျက် ဩဂုတ် ၁ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် မန္တလေးဘဏ်ခွဲသို့ရောက်ရှိစစ်ဆေးရာ ဘဏ်ခွဲမန်နေဂျာနှင့် တာဝန်ရှိသူများက ဘဏ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက နိုင်ငံတကာဘဏ်လုပ်ငန်းနှင့် ပြည်တွင်းဘဏ်လုပ်ငန်းတို့အား ပိုမိုထိရောက်ထက်မြက်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေရေးကြေးရေးဆိုင်ရာကဏ္ဍမှ အင်တိုက်အားတိုက် ပံ့ပိုးဖြည့်ဆည်းကြရန် မှာကြားသည်။

ဆက်လက်၍ဝန်ကြီးသည် အဆိုပါဘဏ်ခွဲရှိ အရာထမ်း/ အမှုထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေးမြို့ရှိ အကောက်ခွန်ဦးစီးဌာန နယ်မြေ(၁) တိုင်း/ပြည်နယ်နှင့် မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးများသို့ ရောက်ရှိစစ်ဆေးရာ နယ်မြေ(၁)တာဝန်ခံ တိုင်းနှင့် ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဌေးက ဌာန၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာန တိုင်း/ ပြည်နယ်နှင့် မြို့နယ်ရုံးတို့မှ အရာထမ်း အမှုထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ အလေးအနက်ထား ဆောင်ရွက်ကြရေး၊ လုပ်ငန်းလျှာထားချက် ပြည့်မီရေး၊ ဖြစ်သင့်ဖြစ်ထိုက် ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ရရှိစေရေးအတွက် အလေးထားဆောင်ရွက်ကြရေးတို့ကို အကျယ်တဝင့်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ဦးဆောင်မှုဖြင့် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲနှင့် အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ ဒုတိယခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲ၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲနှင့် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲတို့မှ ခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ ၅၀၀ခန့် တက်ရောက်ကြသည်။

အသိပညာပေး ဟောပြောပွဲတွင် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါ်ဖြူသန့်ပိုင်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ဖွင့်လှစ်ခဲ့သော" Financially Empowering Women Through Education Industry" သင်တန်းဆိုင်ရာ "ပညာရေးကဏ္ဍ၏ ပြောင်းလဲလာသော သင်ကြားမှုပုံစံသစ်များ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသားစာပေဆုရ စာရေးဆရာမ တက္ကသိုလ်ကြူကြူသင်းက "လောကကို အလှဆင်ကြစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ထို့နောက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ဖြူသန့်ပိုင်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရေးရန်ပုံငွေအတွက် အလှူငွေ ကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အသိပညာပေး ဟောပြောပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ ဦးဆောင်မှုဖြင့် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲနှင့် အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခွဲတို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပစဉ်။ (အမျိုးသမီးရေးရာ)

ဟိုင်းကြီးကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဆောင်ရွက်သော ငွေစပယ်ဖြူလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကိုလပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆေးပညာသင်တန်းများ(အဝေးသင်)ဖွင့်လှစ်လျက်ရှိ

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေး ယူနစ်ကကြီးမှူး၍ အထွေထွေရောဂါကု ဆရာဝန်များအတွက် CME for Accreditation ကို ရည်ရွယ်ကာ အထွေထွေရောဂါကု ဆရာဝန်များတွင် အတွေ့များသောရောဂါများ ကုထုံးသင်တန်း (Common Clinical Problems for GPs)၊ရောဂါရှာဖွေရေး လုပ်ငန်းစဉ်နည်းလမ်းများ သင်တန်း (Diagnostic Medical-Surgical Procedure Course)၊ အရေးပေါ်ရောဂါများကုထုံးသင်တန်း(Emergency Management Course)၊ ပြည်သူ့ကျန်းမာရေး၊ မိသားစုကျန်းမာရေးနှင့် သုတေသနသင်တန်း (Public Health, Family Medicine and Research Course) စသည့် သင်တန်းလေးခုကို အဝေးသင် သင်တန်း (Distance Learning Medical Education Program)အဖြစ် မေ ၁၇ရက်မှ တစ်နှစ်ပတ်လုံး ဖွင့်လှစ်လျက်ရှိသည်။

သင်တန်းတစ်ခုစီ၏ ကြာမြင့်ချိန်မှာ လေးလဖြစ်ပြီး သင်တန်းတစ်ခုပြီးဆုံးမှ နောက်သင်တန်းတစ်ခုကို တက်ရောက်နိုင်မည်ဖြစ်သည်။သင်တန်းတက်ရောက်လိုသူများသည် သတ်မှတ်သင်တန်းကြေးနှင့် သင်တန်းဝင်ခွင့်ပုံစံကို လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ငွေပို့လွှာဖြင့်စာတိုက်မှ တစ်ဆင့်ဖြစ်စေ ပေးသွင်းဖြည့်စွက်ပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်း အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့ ပေးသွင်းကာ သင်တန်းတက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၈၈၆၃၊ ၃၉၄၁၄၁၊ ၃၈၀၈၉၉၊ လိုင်းခွဲ-၁၁၆တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၈-၂၀၁၀ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"ဆရာတော်အရှင်လာဘ ဟောကြားတော်မူသော တရားတော်"
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၉)**
၈း၃၅	မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၅)(Rဇာနည်၊ ထွန်းအိန္ဒြာဗို)
၉း၂၀	IBTC (Group) မှကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲ (ပုသိမ်မြို့)
၉း၃၅	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီစံရှားတင်) (အပိုင်း-၃)
၁၀း၂၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (ကျောက်ငါးသုတေသနသားဖောက်လုပ်ငန်း)
၁၀း၅၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ 'ဟတ်ထိတယ်'
၁၁း၂၀	သန့်ရှင်းကျန်းမာသော. . . အာဟာရပြည့်မှုများနှင့်အတူ
၁၁း၃၅	ပန်းချီပြခန်း (Phoenix ပန်းချီပြပွဲ)
၁၁း၄၅	တီကောင်စွန့်ပစ် ဩဂဲနစ်
၁၂း၀၅	VJ Choice
၁၂း၃၅	အလှဖွဲ့ဆင် ဖန်တီးရှင်အတွက် အမှတ်တရ
၁း၀၀	"ဆရာတော်အရှင်လာဘ ဟောကြားတော်မူသော တရားတော်"
၂း၀၀	MRTV-4 သတင်း
၂း၄၅	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် တိမ်ညွန့်နှင့် တွေ့ဆုံခြင်း)(အပိုင်း-၁)
၃း၁၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (ကျောက်ငါးသုတေသနသားဖောက်လုပ်ငန်း)
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၉)**
၄း၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄း၄၅	ပန်းချီပြခန်း (Phoenix ပန်းချီပြပွဲ)
၄း၅၅	IBTC (Group) မှကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ (ပုသိမ်မြို့)
၅း၁၀	World of Knowledge (Inside; Mumbai Terror Attack)
၆း၀၀	MRTV-4 သတင်း
၆း၂၀	FMF Selection
၆း၄၅	လှပသစ်ဆန်းအလှပြင်ခန်း (VIOLET STYLE Beauty Spa)
၇း၁၀	မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၆) (ထွန်းအိန္ဒြာဗို၊ အဲလက်စ်၊ ဇော်ဝင်းထွဋ်)
၈း၀၀	MRTV-4 သတင်း
၈း၃၀	VJ Choice
၉း၀၅	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် တိမ်ညွန့်နှင့် တွေ့ဆုံခြင်း)(အပိုင်း-၁)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၉)**
၁၀း၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ 'ဟတ်ထိတယ်'
၁၀း၂၅	ဖက်ရှင်လမ်းညွှန် (တော်ဝင်သူ)
၁၀း၅၀	Sports World
၁၁း၁၀	လှပသစ်ဆန်းအလှပြင်ခန်း (VIOLET STYLE Beauty Spa)
၁၁း၃၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂း၀၅	အေးမိသားစုလီမိတက်၏ ဆောက်လုပ်ရေးနှင့် Pro-1 Taxi Meter
၁၂း၁၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မီးဘေးလုံခြုံရေးစစ်ဆေး

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး (အရှေ့ဈေး) အား မီးဘေးလုံခြုံရေးစီမံချက်နှင့်အညီ ဆောင်ရွက်ထားရှိမှုနှင့် ဈေးအတွင်း မီးသတ်ဆေးဘူး၊ မီးသတိမူရေးဆိုင်းဘုတ်များ ရေးသားထားရှိမှုတို့ကို ဇူလိုင် ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမော်မော်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဘိုဘိုထွေးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင်ဒို့ချစ်ခင် အစဉ်စိုက်ပျိုးအလှတိုး

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများဖွင့်ပွဲတွင် ကလေးငယ်များအား ဗီတာမင်ဆေးလုံးများ တိုက်ကျွေးစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ကျင်းပ

နေပြည်တော် ဩဂုတ် ၅

တက္ကသိုလ်များ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ပုသိမ်တက္ကသိုလ် အားကစားခန်းမ၌ ကျင်းပရာ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပုသိမ်မြို့နယ်ခန်းမ၌ ကျင်းပသော ရောဝတီတိုင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဗီတာမင်တိုက်ကျွေး

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ခန်းမအတွင်းပြသထားသော ဆေးဝါးများကို ကြည့်ရှုစစ်ဆေးပြီး ကိုယ်ဝန်ဆောင် မိခင်လောင်းများအား ဗီတာမင်ဆေးပြားများပေးအပ်ကာ ကလေးငယ်များအား ဗီတာမင် ဆေးလုံးများ တိုက်ကျွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်းဆင်းပွဲ ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၄ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း အမှတ်စဉ်(၄/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝင်းမြင့်၊ (ကျွမ်းကျင်သူ)ပညာရှင် ဒေါက်တာစန်းဦး၊ လျှပ်စစ်စွမ်းအား ဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ အမှုထမ်း ၃၀ တို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီး ဦးခင်မောင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က သင်တန်းသား ခေါင်းဆောင်ထံသို့ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးက သင်တန်းတွင် ပထမဆုရ လျှပ်စစ်ကျွမ်းကျင်(၄) ဒေါ်ကေခိုင်ချစ်၊ ဒုတိယဆုရ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်လဲ့လဲ့ဝင်းနှင့် တတိယဆုရအကြီးတန်းစာရေး ဒေါ်အေးမြတ်မွန်တို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း အမှတ်စဉ် (၄/၂၀၁၀)သင်တန်းဆင်းပွဲအခမ်းအနား၌ ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ဗဟန်းအမျိုးသမီးဆေးရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသမီးဆေးရုံ ခန်းမဆောင်၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး သားဖွားခန်းနှင့် အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်လူနာနှင့် ပြင်ပလူနာများအား အာဟာရစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြို့တော်ဝန်သည် ဆေးရုံဝင်းအတွင်း ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ဗဟန်းမြို့နယ် အမျိုးသမီးဆေးရုံတွင် တက်ရောက်ကုသခံယူနေသော လူနာနှင့် ပြင်ပလူနာများအား အာဟာရ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။ (မြို့တော်စည်ပင်)

မြို့တော်ဝန် ဦးဖုန်းဇော်ဟန် ရုံးလုပ်ငန်းမွမ်းမံသင်တန်းဆင်းပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် မြို့တော်ခန်းမ၌ ကျင်းပသော ရုံးလုပ်ငန်းမွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး တာဝန်ရှိသူများက သင်တန်းပို့ချခဲ့သော ပြင်ပနည်းပြများအား ဂုဏ်ပြုလက်ဆောင်များနှင့် သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြို့တော်ဝန်သည် ရတနာပုံဘဏ်လီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသော ရတနာပုံဘဏ်လီမိတက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားကာ ဘဏ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(မန္တလေးတိုင်း) ငွေရတုအထိမ်းအမှတ်အခမ်းအနား အကြိုညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၅

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (မန္တလေးတိုင်း)၏ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အခမ်းအနားကျင်းပရန်အတွက် အလုပ်အမှုဆောင်များ၏ အကြိုညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် မန္တလေးသွားဘက်ဆိုင်ရာဆေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းနာယက ပါမောက္ခချုပ် ဒေါက်တာ သိန်းကြူက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းမောင်မောင်(၂)က ငွေရတုအတွက် ဆောင်ရွက်ပြီးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြရာ အလုပ်အမှုဆောင်များက တင်ပြလာသည့် လုပ်ငန်းဆောင်ရွက်ချက်များ အပေါ်တွင် နာယကနှင့် ဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေး ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (မန္တလေးတိုင်း)၏ ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၄ ရက် (စနေနေ့) တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ Mandalay Hill Resort Hotel ၌ လည်းကောင်း၊ ငွေရတုအထိမ်းအမှတ် ညစာစားပွဲကို အဆိုပါနေ့ ည ၇ နာရီတွင် Mandalay Sedona Hotel ၌ လည်းကောင်း ကျင်းပမည်ဖြစ်ရာ သွားဘက်ဆိုင်ရာ ဆရာဝန်များ တက်ရောက်ကြရန်နှင့် ငွေရတုအထိမ်းအမှတ် အခမ်းအနား မှတ်ပုံတင်ကြေးများကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)၊ ရွှေတောင်ဦးသွားဆေးခန်း (လမ်း ၈၀ × ၃၁ လမ်းထောင့်)၊ မေတ္တာမိုးသွားဆေးခန်း (၂၆ လမ်း၊ ၇၆ × ၇၇ လမ်းကြား)နှင့် ပတ်ကားသွားပစ္စည်းဆိုင် (၈၂ လမ်း၊ ၂၉ × ၃၀ လမ်းကြား)တို့တွင် ဩဂုတ် ၉ ရက်မှ စတင် ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မြို့ပတ်လမ်းဘေး ဝဲ၊ ယာ တစ်လျှောက် မိုးရာသီအလှသစ်ပင်များ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအောင်ဖြိုးကျော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဝက်လက်မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

ဝက်လက်မြို့နယ်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၁ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ဓမ္မစကြာရိပ်သာကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ် လှူဒါန်းလိုသူများသည် ဦးအေးကို(ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၀၂၄၄၄၊ ဦးသန်းဌေး(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၁၇၈၄၄၊ ဦးတင်မောင်ဝင်း ဒု-ဥက္ကဋ္ဌ ဖုန်း-၀၉-၅၀၅၈၈၉၁၊ ဦးကျော်ဇော (အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၂၉၂၇၇၊ ဒေါ်ခင်ဌေးမြင့်(ဘဏ္ဍာရေးမှူး) ဖုန်း-၀၁-၅၁၀၇၁၂၊ ဦးကြည်ဆန်း (အမှုဆောင်) ဖုန်း-၀၉-၅၁၈၄၃၈၄ နှင့် ဦးသန်းအေး(အမှုဆောင်) ဖုန်း-၀၉-၈၆၂၇၈၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၅

(၁၉)ကြိမ်မြောက် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)တွင် ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးသောင်းတင်ထွန်းက အမှာစကား ပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာ ခင်ဝင်းသက်နှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်သန့်စင်၊ သားဖွားမီးယပ် အထူးကုဆရာဝန် ဒေါက်တာ သက်သက်မြင့်တို့က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ၏ ပထမပတ် လှုပ်ရှားမှုအနေဖြင့် မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ မူဝါဒ မိခင်နို့ အောင်မြင်စွာ တိုက်ကျွေးရေး အဆင့် (၁၀)ဆင့်၊ မိခင်နို့ စနစ်တကျ တိုက်ကျွေးမှု၏ အရေးပါပုံတို့ကို အသီးသီး ပညာပေးဟောပြောခဲ့ကြကြောင်းသိရှိရသည်။**(ဝဲပုံ)** (သတင်းစဉ်)

မူးယစ်ဆိုက ဆန့်ကျင်ကြ

အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး တက်ရောက်

နေပြည်တော် ဩဂုတ် ၅

ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာရေး ဖွံ့ဖြိုးရေးကော်မတီ (အရှေ့ပိုင်း) ဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက်တွင် ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာရေး ဖွံ့ဖြိုးရေးကော်မတီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားကာ ဖွင့်ပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

တိုင်းမှူးသည် ဇူလိုင် ၃၀ ရက်တွင် ကျိုင်းတုံမြို့စည်ပင်သာယာခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ် (အရှေ့ပိုင်း)ပြည်နယ်ရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ ပြည်နယ်ရဲတပ်ဖွဲ့မှူးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပသော တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ပထမဆုရရှိသွားသောအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများ အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၈-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ -ဘဝနေနည်းရွှေ့ခရီးမှာ
- ၇း၂၅ ၄။ ဓမ္မပူဇာတေး
- ၇း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ - လွင်ပြင်ထဲကခြင်္သေ့များ (ဇာတ်သိမ်း)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၃၈)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရှင်သန်နေသောသီချင်းများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၁)**
- ၂၄။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ကြည့်ရှုစစ်ဆေး

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း ဒိုက်ဦးမြို့နယ်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဒိုက်ဦး ဝက်မွေးမြူရေးခြံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

ကွန်ပျူတာဂျာနယ် ဩဂုတ်လထုတ် ထွက်ပြီ

ရန်ကုန် ဩဂုတ် ၅

၁၉၉၄ ခုနှစ်မှ စတင်ထုတ်ဝေခဲ့သော ကွန်ပျူတာဂျာနယ်အနေဖြင့် စာဖတ်ပရိသတ်အတွက် ခေတ်အလျောက် ပြောင်းလဲလာသော အခြေအနေများကို ပြောင်းလဲလာသည့် အခြေအနေများနှင့် ကိုက်ညီအောင် အခန်းကဏ္ဍများ တိုးချဲ့ခြင်း၊ ရှိပြီးသား အခန်းကဏ္ဍများကို မွမ်းမံပြင်ဆင် တင်ပြခြင်းများ ပြုလုပ်ထားရာ ယခင်လထုတ်ဂျာနယ်များထက် ပိုမိုထူးကဲသော အကြောင်းအရာများကို ဖတ်ရှုနိုင်မည့် ကွန်ပျူတာဂျာနယ် ဩဂုတ်လထုတ်ကို စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

အထူးသဖြင့် ယနေ့ခေတ်သည် ကွန်ပျူတာကို အစိုးရဌာနများ၊ ကုမ္ပဏီများတွင်သာမက တစ်နိုင်တစ်ပိုင် လုပ်ငန်းငယ်များတွင်ပါ အသုံးချလျက်ရှိနေပြီဖြစ်ရာ အဆိုပါအဖွဲ့အစည်းအားလုံးအတွက် အိုင်တီဆိုင်ရာ ဝန်ထမ်းရွေးချယ်ခန့်အပ်ရေး၊ အလုပ်တာဝန်များ ရွေးချယ်စေခိုင်းရေးနှင့် အိုင်တီစီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများကို တင်ပြပေးထားသည်။ ထိုနည်းတူ အိုင်တီဘွဲ့ရများအနေဖြင့် ပြည်တွင်းတွင်သာ အလုပ်အကိုင် အခွင့်အလမ်း ရနိုင်သည်မဟုတ်ဘဲ နိုင်ငံတကာအထိ ကူးလူးသွားလာ အလုပ်လုပ်နိုင်သည့် အခွင့်အရေးရှိပုံ၊ အိုင်တီလုပ်ငန်းသည်အလုပ်ရဖို့လွယ်သကဲ့သို့အလုပ်ပြုတ်ဖို့လည်း မခက်ပုံတို့ကို အိုင်တီပညာရှင်ဦးသောင်းတင်နှင့် ဆွေးနွေးတင်ပြပေးထားသည်။

မြန်မာနိုင်ငံ၏ ကွန်ပျူတာအသုံးပြုမှုနှုန်းမှာ တိုးတက်မြင့်မားလာသည့်အလျောက် အိုင်တီပစ္စည်းများ ရွေးချယ်ဝယ်ယူရေးမှာလည်း အရေးကြီးလာရာ ဘယ်လိုအိုင်တီပစ္စည်း ရွေးချယ်ဝယ်ယူသင့်သလဲဆိုသည့်အချက်ကို ဦးရဲကျော်သိန်း၏ ကွန်ပျူတာ ရွေးချယ်ဝယ်ယူခြင်း ဆောင်းပါး၌ ဖော်ပြပေးထားပြီး ကွန်ပျူတာဂျာနယ် အယ်ဒီတာအဖွဲ့၏ ဘယ်လိုကွန်ပျူတာအရောင်းဆိုင်တွေမှာ ဝယ်ကြမလဲ အထူးဆောင်းပါးဖြင့် ကွန်ပျူတာအရောင်းဆိုင်များ၏ သဘာဝ၊ ကွန်ပျူတာအရောင်းဆိုင်များ လုပ်တတ်သည့် အနေအထားများနှင့် ကွန်ပျူတာတစ်လုံးဝယ်ရာတွင် စိတ်ချရသည့် အရောင်းဆိုင်တွင် ဝယ်ယူနိုင်ရေး အကြံပြုချက်များကို ဖော်ပြပေးထားသည်။ ကွန်ပျူတာအပါအဝင် လူသုံးကုန်ပစ္စည်းများကို အွန်လိုင်းမှ ဝယ်ယူခြင်းနှင့် ပတ်သက်ပြီး မိတ်ဆက်တင်ပြထားသကဲ့သို့ ဝယ်ယူမှုအတွက် နိုင်ငံတကာတွင်ရှိနေသော စားသုံးသူ၏ ရပိုင်ခွင့်အခြေအနေများကိုလည်း တင်ပြပေးထားသည်။

လစဉ်ဖော်ပြပေးနေသည့် အိုင်တီအတ္ထုပ္ပတ္တိဆောင်းပါး၌ မြန်မာနိုင်ငံ၏ ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်ဦးရွက်ပြုခဲ့သူ၊ ကွန်ပျူတာအတတ်ပညာရှင် အများအပြားကို မွေးထုတ်ပေးခဲ့သူ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာကျော်သိန်း၏ ဘဝတစ်စိတ်တစ်ဒေသကိုလည်း ပုံဖော်တင်ပြပေးထားရာ စာအုပ်ဆိုင်များ၊ စူပါမားကတ်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး ဦးမောင်မောင်သိမ်း မွေးမြူရေးခြံများနှင့် အစာစပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၃ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ကြက်မျိုးများ စမ်းသပ်မွေးမြူရေးစခန်းသို့ ရောက်ရှိပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသက်ရွှေနှင့် တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် မြန်မာ့ရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီ၍ ပြည်တွင်းတွင် ဖြစ်ထွန်းအောင်မြင်နေသော ကြက်မျိုးများ မျိုးမြှင့်မျိုးထိန်းသွားရန်၊ မျိုးထိန်းသိမ်းရွေးချယ်မွေးမြူရန်နှင့် မျိုးစပ်ကြက်များထုတ်လုပ်၍ စမ်းသပ်မွေးမြူသွားရန်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ အဏုဇီဝလုံခြုံရေး၊ ငွေကြေးအကျိုးအမြတ်၊ နည်းပညာအကျိုးအမြတ်ရရှိသော လုပ်ငန်းများဖြစ်လာစေရေး မှာကြားပြီး ကြက်မွေးမြူရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဲခူးတိုင်း ဘုရားကြီးကျေးရွာရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဘုရားကြီး ဘဲမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး ဦးဆောင်ညွှန်ကြားရေးမှူး၏ ရှင်းလင်းတင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး တည်ဆောက်ဆဲ ဘဲဥဖောက်စက်နှင့် ဘဲမွေးမြူရေးခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒိုက်ဦးမြို့နယ်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဒိုက်ဦး ဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံသို့ ရောက်ရှိပြီး ပြည်တွင်းစားသုံးမှု ဖူလုံစေရန် မျိုးနှင့်ကုန်ကြမ်း ဝက်များကို စွမ်းအားပြည့် မွေးမြူထုတ်လုပ်သွားရန်နှင့် ဝက်များ၏ ဘေးထွက်ပစ္စည်းမှ သဘာဝဇီဝမြေသြဇာကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးသွားရန် မှာကြားကာ ဝက်စာနမူနာများ၊ ဝက်သားဖွားရုံ၊ ဝက်လတ်ရုံ၊ မျိုးဝက်မွေးမြူရေးခြံများနှင့် သဘာဝဇီဝမြေသြဇာ အဆင့်ဆင့်ထုတ်လုပ်နေမှုများ၊ သဘာဝ ဇီဝမြေသြဇာကို အသုံးပြု၍ အောင်မြင်ဖြစ်ထွန်းနေသော သီးပင်၊ စားပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဖေသန်း ပြည် (ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းနှင့် ညသျှစ်ပင်ကွန်ကရစ်ဇလီဖားစက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် ပြည်မြို့ ရွှေတံခါးဘူတာသို့ ရောက်ရှိပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရွှေတံခါးဘူတာမှ အင်ငါးခွဘူတာအထိ အထူးရထားဖြင့် ထွက်ခွာ၍ ရထားလမ်းခင်းခြင်းလုပ်ငန်းနှင့် တံတားများဆောင်ရွက်ပြီးစီးမှု၊ ပေါင်းတလည်ဘူတာနှင့် အင်ငါးခွဘူတာကြား လမ်းခင်းကျောက်များ ဖြည့်တင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ အင်ငါးခွဘူတာယာဒ်ဝင်း ရထားလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဘူတာများ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အင်ငါးခွဘူတာမှ ပေါက်ခေါင်းဘူတာအထိ သံလမ်းပြေးယာဉ်ဖြင့် ဆက်လက်ထွက်ခွာလျက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပေါက်ခေါင်းဘူတာအနီးရှိ ပြည်(ရွှေတံခါး)-တောင်ငူ (ကျေးတော)-နေပြည်တော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်း အင်ဂျင်နီယာက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညသျှစ်ပင် ကွန်ကရစ်ဇလီဖားစက်ရုံသို့ သွားရောက်၍ ကွန်ကရစ်ဇလီဖားများ ထုတ်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ပြည်(ရွှေတံခါး)-တောင်ငူ (ကျေးတော)-နေပြည်တော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မိုင် ၂၀ ရှည်သည့် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းကို အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ အင်ငါးခွဘူတာယာဒ်ဝင်း၌ သံလမ်းခင်းခြင်းနှင့် ကျောက်ဖြည့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်အားကစားပြိုင်ကွင်း အုပ်စု (ဇ)

ကာကွယ်ရေးဝန်ကြီးဌာန - လေးဂိုး

(စိုးသိန်းဦး-နှစ်ဂိုး၊ မျိုးသူနှင့် သက်နိုင်ဝင်း)

နိုင်ငံခြားရေးဝန်ကြီးဌာန - ဂိုးမရှိ

(ဒိုင်) ဦးကျော်အေး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ဃ)

သတ္တုတွင်းဝန်ကြီးဌာန - နှစ်ဂိုး

(သီဟထွန်းနှင့် ပြည့်ဖြိုးဦး)

ပညာရေးဝန်ကြီးဌာန - တစ်ဂိုး

(မျိုးငြိမ်းမင်း)

(ဒိုင်)ဦးသောင်းလှိုင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု (ဃ)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန - နှစ်ဂိုး

(ဝေဖြိုးအောင်နှင့် ချမ်းမြေ့အောင်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန - ဂိုးမရှိ

(ဒိုင်) ဦးသောင်းရွှေမိုး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဩဂုတ် ၆ ရက်ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ တရားရုံးချုပ်အသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၇)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်-နေ့လယ်-ည)

၆-၈-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း-ကြေညာချက်
၇း၀၅ တရားတော် (မေတ္တသုတ်+ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (ပွေ့ချီထားပါရစေ)
၈း၃၅ တေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (INTERMEDIATE LEVEL)
၁၂း၁၀ အလုပ်အကိုင်အခွင့်အလမ်း (တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း)
၁၂း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၅ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀ စစ်သည်အတွက်တေးလက်ဆောင်
၅း၀၀ Music Talk တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ရင်ခုန်စီးဆင်းအနုပညာသတင်း
၆း၀၀ ညနေခင်းသတင်း
၆း၁၀ လူမှုစာနာပြန်ကြားလွှာ
၆း၄၅ တေးချစ်သူရွှေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၇း၀၀ နိုင်ငံတကာသတင်း
၇း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၇း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ရင်ခုန်ရသော ထိုတစ်နေ့)
၇း၄၅ တေးပဒေသာ
၈း၀၀ ပြည်တွင်းသတင်း
၈း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကယ်ဒမီမိုးဒီ) စီးပွားရေးဦးတည်ချက်
၈း၄၀ တေးပဒေသာ
၉း၀၀ ဆောင်းပါး (စွမ်းအားများ)
၉း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး။

အားကစားမြှင့်တင်စိတ်လန်းရွှင်

တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ(မန္တလေးဇုန်) အမျိုးသားဘော်လီဘောပြိုင်ပွဲ ကျောက်ဆည်တက္ကသိုလ်အသင်းနှင့် ရတနာပုံတက္ကသိုလ်အသင်း ဗိုလ်လုပွဲတက်

နေပြည်တော် ဩဂုတ် ၅

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ(မန္တလေးဇုန်) အမျိုးသားဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိ မန္တလေးတက္ကသိုလ်အားကစားရုံ (Open Shed) ၌ ဆက်လက်ကျင်းပရာ ကျောက်ဆည်တက္ကသိုလ်အသင်းက ဗန်းမော်တက္ကသိုလ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ရတနာပုံတက္ကသိုလ်အသင်းက မိုးညှင်းဒီဂရီကောလိပ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်းနှင့် ဗိုလ်လုပွဲ၊ ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက်(စနေနေ့)တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Delta အသင်း သုံးပွဲဆက် အနိုင်ရ

ရန်ကုန် ဩဂုတ် ၅

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်းနှင့် စလင်းကွင်းတို့၌ ဆက်လက်ကျင်းပရာ Delta Unitedနှင့် နေပြည်တော်တို့ နိုင်ပွဲများ ရရှိသွားသည်။

(အောင်ဆန်းကွင်း)

Delta United - နှစ်ဂိုး

(စိုးသီဟအောင်နှင့် မျိုးဇော်ခန့်)

မနောမြေ - တစ်ဂိုး

(နော်ဆန်း)

ရှုံးပွဲဆက်နေသည့် မနောမြေအသင်းမှာ နိုင်ပွဲပြန်လည်ရရှိရန် အခွင့်အရေးရခဲ့သော်လည်း ဦးဆောင်ဂိုးကို မထိန်းနိုင်၍ လေးပွဲဆက်အရှုံးဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ Delta United အသင်းမှာ ခြေစွမ်းပိုင်းအရ မနောမြေကို အသာမရခဲ့သော်လည်း ဒုတိယပိုင်း သွင်းဂိုးများဖြင့် သုံးပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဟောင်း စိုးသီဟအောင် ဦးဆောင်ပြီး အောင်ကျော်မျိုး၊ မင်းမင်းထွန်း၊ ဇင်မျိုးအောင်တို့ ပါဝင်လာသည့် Delta United အသင်းမှာ မနောမြေအသင်းကို ခြေအသာဖြင့် မကစားနိုင်ခဲ့ပေ။ မင်းမင်းထွန်း၊ အောင်ကျော်မျိုး၊ ဇင်မျိုးအောင်တို့၏ တိုက်စစ်တွဲလုံးများမှာလည်း ထိရောက်မှုမရှိခဲ့ပေ။ မနောမြေအသင်းမှာ ကစားပုံ ထင်သလောက်မကောင်းသော်လည်း Delta အသင်း၏ ခံစစ်ပိုင်းအားပျော့မှုကို အခွင့်ကောင်းယူကာ တိုက်စစ်ဆင်ခဲ့ပြီး ၃၈ မိနစ်တွင် နော်ဆန်းက ခေါင်းတိုက်ပြီး မနောမြေအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် Delta United အသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့သည်။ မနောမြေအသင်းက ခံစစ်အသားပေးကစားလာ၍ Delta ပိုဖိကစားလာနိုင်ပြီး ၆၅ မိနစ်တွင် ပြစ်ဒဏ်ဘောမှ တစ်ဆင့် အသင်းခေါင်းဆောင် စိုးသီဟအောင်က ချေပဂိုးပြန်လည်သွင်းယူသွားခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် မနောမြေအသင်း ဂိုးထပ်မံရရှိရန် အခွင့်အရေးများ ရရှိသော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၇၄ မိနစ်တွင် မျိုးဇော်ခန့်က ခေါင်းတိုက်ပြီး Delta အတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

(ပဒုမ္မာကွင်း)

ကမ္ဘောဇ - လေးဂိုး

ဇွဲကပင်ယူနိုက်တက် - လေးဂိုး

ဇွဲကပင်အသင်းမှာ လေးဂိုး - တစ်ဂိုး အနိုင်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ကို မထိန်းနိုင်၍ သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

(စလင်းကွင်း)

နေပြည်တော် - နှစ်ဂိုး

ရတနာပုံ - ဂိုးမရှိ

Delta နှင့် မနောမြေ တို့ အကြိတ်အနယ်။

ယနေ့ပွဲ

(ပဒုမ္မာကွင်း)

Southern Myanmar - မကွေး

(စလင်းကွင်း)

ရန်ကုန်ယူနိုက်တက်-ဥဿာယူနိုက်တက်

(ကြေးမုံ)

မိုးတိမ်ပြိုလွင့်ရာ အခြေအနေ

မုတ်သုံလေ ဆက်လက်အားကောင်းမည်

နေပြည်တော် ဩဂုတ် ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပေါင်မြို့တွင် ၄ ဒသမ ၁၃ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၁၃ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ လောင်းလုံမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)နှင့် ရန်ကုန် (မြို့လယ်)တို့တွင် ၂ ဒသမ ၂၁ လက်မစီနှင့် ကျောက်ပန်းတောင်းမြို့တွင် သုည ဒသမ ၉၁ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ အချိန်တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဩဂုတ် ၆ ရက် ညနေထိခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။မုတ်သုံလေဆက်လက်အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၁ဒသမ၅ဒီဂရီစင်တီဂရိတ်)၈၉ ဒီဂရီဖာရင်ဟိုက်		၄-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၁ဒသမ သုညဒီဂရီစင်တီဂရိတ်)၇၀ဒီဂရီဖာရင်ဟိုက်		၅-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၂ရာခိုင်နှုန်း	၅-၈-၂၀၁၀
မိုးရေချိန်	မရှိပါ	၅-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၂၇ဒသမ၅ဒီဂရီစင်တီဂရိတ်)၈၁ ဒီဂရီဖာရင်ဟိုက်		၄-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၃ဒသမ သုညဒီဂရီစင်တီဂရိတ်)၇၃ဒီဂရီဖာရင်ဟိုက်		၅-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၆ရာခိုင်နှုန်း	၅-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	မရှိပါ	၄-၈-၂၀၁၀

ရာမီရစ်ကို စတမ်းဖို့ဒ်ဘရစ်ချ်တွင် မြင်တွေ့ရတော့မည်

လန်ဒန် ဩဂုတ် ၅

ဘင်ဖီကာအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ရာမီရစ်သည် ချယ်လ်ဆီးအသင်းနှင့် ဆေးစစ်မှုများအောင်မြင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ရာမီရစ်ကို ချယ်လ်ဆီး၏ စတမ်းဖို့ဒ်ဘရစ်ချ်တွင် မြင်တွေ့ရတော့မည်ဖြစ်သည်။

ချယ်လ်ဆီး၏ စတမ်းဖို့ဒ်ဘရစ်ချ်တွင် မြင်တွေ့ရတော့မည့် ဘရာဇီးကြယ်ပွင့် ရာမီရစ်။

ချယ်လ်ဆီးအသင်းသည် ရာမီရစ်ကို ယူရို ၂၂သန်း (ပေါင် ၁၈ ဒသမ ၂ သန်း) ဖြင့် ခေါ်ယူရန် သဘောတူညီခဲ့ခြင်း ဖြစ်သည်။ အသက်(၂၃)နှစ်ရှိ ရာမီရစ်သည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ဈေးကွက် ဖွင့်ချိန်တွင် ခရူဇိုင်ရိုအသင်းမှ ဘင်ဖီကာအသင်းသို့ ပေါင် ၆ ဒသမ ၂ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ၎င်းသည် နိုင်ငံအသင်းအတွက် ၁၆ ပွဲပါဝင်ကစားခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက ဘင်ဖီကာအသင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ကွင်းလယ်အတွက် လီဗာပူးမှ ဘီနာယောင်ကို ခေါ်ယူထားပြီးဖြစ်ရာ ယခု ရာမီရစ်နှင့်ပါဆိုလျှင် ချယ်လ်ဆီး၏ ကွင်းလယ်အားမှာ တောင့်တင်းလာတော့မည်ဖြစ်သည်။

အင်တာနက်။

အိန္ဒိယလုပ်ငန်းရှင်က ဘလက်ဘန်းကို ပေါင်သန်း ၃၀၀ ဖြင့်ဝယ်မည်

လန်ဒန် ဩဂုတ် ၅

အင်္ဂလန်ပရီမီယာလိဂ်ကလပ် ဘလက်ဘန်းအသင်းကို အိန္ဒိယစီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သည့် အဟာဆန်အလီဆိုင်ရက်က ပေါင်သန်း ၃၀၀ဖြင့် ဝယ်ယူတော့မည်ဖြစ်ကြောင်း သိရသည်။

သို့သော် အသင်း၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုကို အာမခံနိုင်မှသာ လွှဲပြောင်းရောင်းချရေးကိစ္စကို စဉ်းစားမည်ဟု ဘုတ်အဖွဲ့က ပြောကြားလာသည်။ ဘလက်ဘန်းကို ဝယ်ယူရန် ချဉ်းကပ်နေသည့် အဟာဆန်အလီဆိုင်ရက်သည် အသက်(၃၆)နှစ်သာရှိသေးသည့် ရွှေ့နေတစ်ဦးဖြစ်ကာ ဘာရိန်းနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် အခြေစိုက်ထားသည် WGA ကုမ္ပဏီကို ပိုင်ဆိုင်သူဖြစ်သည်။

အင်တာနက်။

ဝင်းတင် (ကြေးမုံ)
အဆင်အပြင် - တင်ထွန်းတာ

မန်ယူခြေစွမ်းပြပြီး အိုင်ယာလန်လိဂ် XI ကို ခုနစ်ဂိုးသွင်း

လန်ဒန် ဩဂုတ် ၅

၂၀၁၀-၂၀၁၁ ဘောလုံးရာသီပြိုင်ပွဲများမစတင်မီ ခြေစမ်းပွဲများ ကစားနေသည့် မန်ယူအသင်းသည် ယမန်နေ့က အိုင်ယာလန်လိဂ် XI နှင့် ခြေစမ်းပွဲကစားခဲ့ရာ ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲတွင် မန်ယူအတွက် ဂိုးများကို ပက်ဂျီဆန်၊ မိုက်ကယ်အိုဝင်၊ ဟာနန်ဒက်ဇ်၊ ဗလင်စီယာ၊ အီဗန်စ်နှင့် နာနီတို့က သွင်းယူပေးခဲ့ပြီး အိုင်ယာလန်လိဂ် XI အတွက် တစ်လုံးတည်းသော ဂိုးကို ဒေဗီမူလ်ကာချီက သွင်းယူခဲ့သည်။

အင်တာနက်။

အမည်ပြောင်း

အမက(၁၈) လှိုင်သာယာ စတုတ္ထတန်း(B)မှ ဦးချစ်သိန်း၏သမီး မရတနာမိုးအေးအား မဆုမြတ်လင်းဟု ပြောင်းလဲခေါ်ပါရန်။

မဆုမြတ်လင်း





ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်)တွင် တိုးချဲ့လျက်ရှိသော ရုပ်သံထုတ်လွှင့်ခြင်း လုပ်ငန်းနှင့် DTH ဝန်ဆောင်မှုလုပ်ငန်းများအတွက် ထပ်မံဖြည့်စွက်ခန့်ထားရန် အောက်ပါရာထူးများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူ မြန်မာနိုင်ငံသားများ လျှောက်ထားနိုင်ပါသည်-

(က) Presenter (၁၀)ဦး။ English ရေး၊ ဖတ်၊ ပြောအထူးကျွမ်းကျင်သူဘွဲ့ရဖြစ်ရမည်။ ရုပ်ရည်ကြည့်ကောင်းသူဖြစ်ရမည်။ Creative Idea ကို ရိုက်ကွင်းပေါ်တွင် ချက်ချင်းဖန်တီးနိုင်စွမ်းရှိရမည်။

(ခ) Video Camera Man(၅)ဦး။ (၁၀)တန်းအောင်၍ လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရမည်။

(ဂ) Video Tape Editor (၁၀)ဦး။ ဘွဲ့ရပြီး(သို့) Video Editing Certificate တစ်ခုခုရရှိပြီးသူ Final Cut Pro,After Effect နှင့် 3D များကို ကျွမ်းကျင်သူဖြစ်ရမည်။ Creative thinking ရှိသူကို ဦးစားပေးမည်။

(ဃ) Lighting Engineer (၂)ဦး။ (၁၀)တန်းအောင်၍ Electrical အတွေ့အကြုံရှိရမည်။

(င) Audio Engineer (၃)ဦး။ Elecrtical ဘွဲ့ရသူ Mixer (analog, digital) ကို ကျွမ်းကျင်ရမည်။ Live Songs recording လုပ်နိုင်လျှင်ဦးစားပေးမည်။ Nuendo, Protocol, Fruity, Acidစသည့် Softwore များကို အသုံးပြုနိုင်ရမည်။ Audio Engineering လုပ်သက်(၂)နှစ်ရှိရမည်။ Creative idea များ ဖန်တီးနိုင်ရမည်။

(စ) Marketing Executive (၅)ဦး။ စီးပွားရေးဘွဲ့ရရှိပြီး၊ Marketing လုပ်သက်(၂)နှစ်ရှိရမည်။ English ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်ရမည်။

(ဆ) Gaffer (၁၀) ဦး။ Electrical ဘွဲ့ရ၊ Electrical ပိုင်းအထူးကျွမ်းကျင်၍ Lighting နားလည်သူကို ဦးစားပေးမည်။

(ဇ) Script Writer(၁၀)ဦး။ English Major(သို့) အခြားဘွဲ့ရပြီး အင်္ဂလိပ်-မြန်မာ(၂) ဘာသာစလုံးအထူးကျွမ်းကျင်ရမည်။ ဇာတ်ညွှန်းများ၊ အင်တာဗျူးမေးခွန်းများကို ချက်ချင်းဖန်တီးရေးသားနိုင်သူဖြစ်ရမည်။

(ဈ) Producer/Planner(၅)ဦး။ ဘွဲ့ရ၊ ရိုက်ကူးရေးညွှန်ကြားချက်ကိုဦးဆောင်၍ ရိုက်ကူးရေးအချိန်ဇယားဆွဲနိုင်ရမည်။

(ည) Graphic Designer (၃)ဦး။ After Effect,Photoshop,Illustrator များကိုကျွမ်းကျင်၍ လုပ်သက်အနည်းဆုံး (၂)နှစ်ရှိရမည်။

(ဋ) Driver (၅)ဦး။ မည်သည့်ယာဉ်မျိုးမဆို မောင်းနိုင်ရမည်။

၂။ လျှောက်ထားသူသည်နေရာဒေသမရွေး အနည်းဆုံး(၅)နှစ်လုပ်ကိုင်နိုင်ရမည်။

၃။ လျှောက်လွှာကို အောက်ပါစာရွက်စာတမ်းများပူးတွဲလျက် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်(အမှတ်-၂၆၂ ရာဇာဓိရာဇ်အိမ်ရာဝင်း၊ အောက်ပုဇွန်တောင်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့)သို့ (၁၆-၈-၂၀၁၀)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ (က)ဘွဲ့နှင့်(၁၀)တန်းအောင်လက်မှတ်မိတ္တူ(ခ)ပြစ်မှုကင်းရှင်းကြောင်းမြို့နယ်ရဲစခန်း ထောက်ခံချက်မူရင်း၊ (ဂ) CV Form နှင့် ဓာတ်ပုံ(၂)ပုံ၊ (ဃ)မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးတွင် အလုပ်သမားမှတ်ပုံတင်ထားသည့် အလလခပုံစံ(၂)မိတ္တူ (င) ဝင်ကြေးငွေပေးသွင်းသည့် ချလန်မူရင်း(သို့)စာတိုက်ငွေပို့လွှာ (Money Order) ပြေစာမူရင်း

၄။ ဝင်ကြေးငွေကျပ်-၅၀၀/-ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တပ်ကုန်း၊ ငွေစာရင်းအမှတ် MD-39 (သို့) မြန်မာ့စီးပွားရေးဘဏ်၊ ကမာရွတ်၊ ငွေစာရင်းအမှတ်-MD-66(သို့)အခြားမြို့နယ်များအတွက် စာတိုက်မှတစ်ဆင့် ဤဌာနသို့ငွေပို့လွှာ (Money Order) ဖြင့် ပေးသွင်းရမည်။

၅။ **စုံစမ်းရန်။** မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်)ဖုန်း - ၀၆၇-၇၉၁၅၀/၇၉၁၃၁ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်(ရန်ကုန်) ၀၁-၂၀၀၃၀၉၊ ၂၀၀၃၁၀



ကျေးဇူးဆပ်ပါမည်

ကျွန်တော် ပိုင် ထ/၂၃၁၁ နှင့် ၂ဂ/၃၈၉၈ တို့၏ အခွန်ကျေပုံစံ (၁) အစိမ်းရောင်စာရွက် ပျောက်ဆုံးသွား၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-01-73065807

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်သူထက်၏ နိုင်ငံကူးလက်မှတ်အမှတ် A-407584 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-01-723964

အခြေခံစာရင်းကိုင် သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် အခြေခံစာရင်းကိုင်သင်တန်းကို ဩဂုတ် ၂၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်ထိ သုံးလကြာ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်း အမှတ်(၅၁)ရှိ

ကျေးဇူးဆပ်ပါမည်

ကျွန်မ ပိုင် ၂ခ/၂၀၀၂ ၏အခွန်ကျေပုံစံ(၁) အစိမ်းရောင်စာရွက် ပျောက်ဆုံး၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-01-73065807

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(ရုံးချုပ်)၌ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် စိတ်ပါဝင်စားသူများသည် ဖုန်း-၅၁၈၄၁၀၊ ၅၁၁၆၈၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မိဘအမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၂)၊ ဒသမတန်း(ခ)မှ မမေသဇင်ဖူးနှင့် ပဉ္စမတန်း(က)မှ မသဇင်မိုးတို့၏ မိဘအမည်မှန်မှာ ဦးခင်မောင်မြင့်နှင့် ဒေါ်အေးအေးသင်းဖြစ်ပါသည်။**ဦးခင်မောင်မြင့် [၅/စကန(နိုင်)၁၁၄၃၆၉]**
ဒေါ်အေးအေးသင်း [MMO/၁၁၃၈၆၅]

ဥတုရာသီ တောကိုမှီ၏

မူးယစ်ဆေး တိုက်ဖျက်ရေး ဟောပြော

ဘုတ်ပြင်း ဩဂုတ် ၅

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဘုတ်ပြင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ဇွန် ၂၆ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာ၊ ဒုရဲမှူးသန်းမြင့်ဦးက ရောင်းဝယ်မှုနှင့် တရားမဝင်တိုက်ဖျက်ရေးအကြောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ကိုကိုလေးက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ၊ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမြင့်က ဥပဒေဆိုင်ရာသိကောင်းစရာများကို ဟောပြောကြသည်။

(မြို့နယ်ပြန်/ဆက်)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ပိုင် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာနိုင်ငံသားများအား မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) သစ်မာဆိုက်စုံ(အခြားသား)

(၁)တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၈-၂၀၁၀ ရက်မှ ၁၆-၈-၂၀၁၀ ရက်ထိ

(၂)တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၆-၈-၂၀၁၀ ရက် (၁၄း၀၀)နာရီ

(၃)တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၄-၈-၂၀၁၀ ရက် (၁၁း၀၀)နာရီ

(၄)လေလံတင်ရောင်းချမည့်နေရာ - LRC အစည်းအဝေးခန်းမ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ၁၁၉-၁၃၁၊ တက္ကသိုလ်ရိပ်သာလမ်း၊

၂။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၅၁၄၃၇၁၊ ၅၁၄၃၇၂ လိုင်းခွဲ (၂၁၃)နှင့် ၅၁၁၂၉၄သို့ စုံစမ်းနိုင်ပါသည်။ **လေလံတင်ရောင်းချရေးအဖွဲ့**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

တင်ဒါပိတ်ရက်ပြောင်းရွှေ့သတ်မှတ်ခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ခေါ်ယူထားသော ၂၈-၇-၂၀၁၀ ရက် ကြေးမုံသတင်းစာပါ စက်အရန်ပစ္စည်းဝယ်ယူရေး တင်ဒါအတွက် မူလတင်ဒါပိတ်ရက် ၆-၈-၂၀၁၀ ရက်အစား ၁၄-၈-၂၀၁၀ ရက်သို့ ပြောင်းရွှေ့သတ်မှတ်ပါသည်။

စီမံကိန်းဌာန
မြန်မာ့အထည်အလိပ်လုပ်ငန်း
အမှတ်(၁) စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၃၃၈၊ ဖက်စ်-၄၀၈၁၈၅

ဆက်သွယ်လှူဒါန်းနိုင်ပါသည်

နေပြည်တော်၊ သုခသိဒ္ဓိရပ်ကွက်ရှိ သဗ္ဗမင်္ဂလာသိဒ္ဓိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ အာရုံခံတန်ဆောင်း ဆောက်လုပ်ရန်အတွက် သဒ္ဓါကြည်လင်ပါရမီရှင်အပေါင်းတို့မှာ ပါဝင်လှူဒါန်းပါရန် နှိုးဆော်အပ်ပါသည်။ ပါဝင်လှူဒါန်းလိုသူများသည် အောက်ဖော်ပြပါ သာသနာအကျိုးဆောင်အဖွဲ့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးအောင်ကျော်ဆွေ၊ ၂။ ဦးစိုးမင်း၊ ၃။ ဦးကျော်ဝေ၊ ၄။ ဦးဝင်းဦး၊ ၅။ ဦးစိုးမြင့် ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၆၇-၄၀၁၄၆၀၊ လိုင်းခွဲ-၈၀၇

ဖခင်အမည်မှန်

အလက(၄) တောင်ဒဂုံ သတ္တမတန်း(က)မှ မခင်မမ၏ ဖခင်အမည်မှန်မှာ ဦးလှထွန်း ဖြစ်ပါသည်။

ဦးလှထွန်း
[၁၂/ဥကတ(နိုင်)၁၃၁၇၅၅]

အမည်ပြောင်း

အဖ ဦးကျော်လင်း[၉/မထလ(နိုင်)၁၀၃၀၈၃]၏ သားဖြစ်သူ မောင်ဟိန်းကိုကိုထက်(ခ) ဝိုင်းထက်ကိုအား မောင်ဝိုင်းထက်ကိုဟုသာ ခေါ်ဆိုပါရန်။

ကားရောင်းမည်

TAXI နှင့် လဲမည်။

TOYOTA SPRINTER အဖြူရောင်

SE. SALOON, 85 model, 5 speed၊ နှ/၉----

Ph:645605, 645766

တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးမြို့၊ မြို့သစ်(က)၊ နယ်မြေ(၂)၊ ပိတောက်လမ်း၊ အမှတ်(၁၀၈)နေ ဦးဂျော်(န်)နာ(ခ)ဦးနော်ဂျာ [၁၂/ရကန(နိုင်)၀၁၁၂၂၀]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဂျော်(န်)နာ(ခ)ဦးနော်ဂျာ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၊ ပသ/၁၆၀၁၉၊ မော်တော်ယာဉ်လက်ဝယ်ရှိသူအမည် ဦးနိုင်ဝမ်း၊ မှတ်ပုံတင်အမှတ်[၁၄/မအပ(နိုင်)၁၈၃၅၇၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
(မအူပင်မြို့)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၊ ပသ/၂၀၇၇၂၊ Honda Dream c 100 ယာဉ်လက်ဝယ်ရှိသူအမည်ဦးဖြိုးသူရ မှတ်ပုံတင်အမှတ်[၈/သရန(နိုင်)၀၅၄၇၃၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
(မအူပင်မြို့)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ဃ/၈၃၆၃၊ အမျိုးအမည် K.T.S(KTS-J.3)၊ အမျိုးအစား S/W(4×4)၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မြင့်မြင့်မော်အေး [၁၂/အစန(နိုင်)၀၀၆၆၁၀]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အနောက်ပိုင်းခရိုင်ရုံး၊ (ရန်ကုန်မြို့)**



ပြင်ဆင်ဖတ်ရှု

၄-၈-၂၀၁၀ရက်ကြေးမုံသတင်းစာ၊ စာမျက်နှာ-၁၂၊ ကော်လံ(၇)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် မြေတိုင်းရပ်ကွက်အမှတ်(၅၂၉/ဘီ^၅) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း မိုးစပါးထွန်ယက်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၅

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းသည် ဇူလိုင် ၁၃ ရက်တွင် ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာ၌ ကျင်းပသည့် မိုးစပါးထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌသည် မိုးစပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုပြီး အမှာစကား ပြောကြားကာ ရမ်ထလို အခြေခံပညာ အထက်တန်းကျောင်း ပတ်ဝန်းကျင်ရှိ အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်စိုက်ခင်းကို လှည့်လည်ကြည့်ရှုသည်။

ကြည့်ရှုအားပေး

ပြည်နယ်ဥက္ကဋ္ဌသည် ဇူလိုင် ၁၇ ရက်တွင် ဟားခါးမြို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး အခမ်းအနား တက်ရောက်လာကြသူများ၏ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဇူလိုင် ၂၄ ရက်တွင် ဖလမ်းမြို့နယ် တလန်ဇာကျေးရွာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး လိုင်ဗား ရေအားလျှပ်စစ်စက်ရုံကို သွားရောက် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ တိုးချဲ့ဖြန့်ဝေပေးအပ်ပွဲ သထုံ၌ကျင်းပ

သထုံ ဩဂုတ် ၅

သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ကြီးမှူး၍ ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းဆေးပညာဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သော အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေး သေတ္တာများကို သထုံမြို့နယ်အတွင်းရှိ ကျေးရွာများသို့ တိုးချဲ့ဖြန့်ဝေခြင်း အခမ်းအနားကို ဇူလိုင် ၂၃ ရက်က သထုံမြို့နယ် အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်က အဖွင့်အမှာစကား ပြောကြားကာ ခရိုင်တိုင်းရင်းဆေးမှူး ဦးပြေထွန်းက အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ တိုးချဲ့ဖြန့်ဝေခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီလွင်၊ ခရိုင်တိုင်းရင်းဆေးမှူး ဦးပြေထွန်း၊ မြို့နယ်အတွင်းရေးမှူး ဒေါ်ချိုဝေလွင်၊ မြို့နယ်တိုင်းရင်းဆေးမှူး ဦးဇော်မိုးထွေးနှင့် တာဝန်ရှိသူတို့က ကျေးရွာ ၁၀၆ ရွာအတွက် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ၁၀၆ လုံးကို ကျေးရွာအလိုက် ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူတို့က လက်ခံရယူကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ဆေးသေတ္တာပေးအပ်ပွဲအခမ်းအနားကို ရုပ်သိမ်းကာ ကျေးရွာ ဆေးသေတ္တာ တာဝန်ခံများအား အခြေခံမြန်မာ့တိုင်းရင်းဆေးပညာ ရက်တိုသင်တန်းကို ဆက်လက်သင်ကြား ပို့ချကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

ဝေါမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၅

ဝေါမြို့နယ်အသင်း (ရန်ကုန်)၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၃၁ ရက်က စမ်းချောင်းမြို့နယ် ရွှေတောင်တိုက်သစ်၌ ကျင်းပရာ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဦးစိုးတင့်(ငြိမ်း)က စည်းရုံးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး ဘဏ္ဍာရေးမှူး ဦးတင်ကြည်က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦးအပါအဝင် ထူးချွန်စွာအောင်မြင်ခဲ့သော အသင်းဝင်တို့၏ သားသမီး ၂၂ ဦးတို့အား ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပညာရည်ချွန်ဆုချီးမြှင့်ကြပြီး **(အောက်ပုံ)** ဆုရရှိသူများကိုယ်စား လေးဘာသာဂုဏ်ထူးရှင် မောင်အာကာမင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်းသိရသည်။

(ကြေးမုံ)

ဇွန် ၁ ရက်က ထားဝယ်မြို့မှ ပြည်နယ်နှင့်တိုင်း (၁၄) ခုသို့ စက်ဘီးဖြင့် မိုင် ၂၆၀၀ ခရီးထွက်ခဲ့သော ဦးသီးလှိုင် အသက်(၈၀)၊ ဦးအောင်နိုင်နှင့် ဦးဇော်မင်းဦးတို့သည် ရက်ပေါင်း ၆၀အကြာ ဇူလိုင် ၃၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ဝင်းသို့ ပန်းဝင်လာရာ ဇူလိုင် ၃၁ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းရှိ ထားဝယ်အသင်းတိုက်၌ ဂုဏ်ပြုပွဲကျင်းပပြီး ထားဝယ်အသင်းဥက္ကဋ္ဌ ဦးခင်စိုးက ဂုဏ်ပြုစကားပြောကြားကာ ဆုငွေကျပ်နှစ်သိန်းနှင့် ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တန့်ယန်းမြို့ အဝင်တွင် တွေ့မြင်ရသော လက်ဖက်ခြောက်စက်ရုံနှင့် လက်ဖက်စိုက်ခင်းများ။

မြို့ရှေ့တန့်ယန်းဆီသို့ တစ်ခေါက်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - မြင့်စိုး(နတလ)

အဆင်အပြင် - ကိုမင်း

ယခုတစ်ခေါက် တန့်ယန်းမြို့ကိုသွားရသည်မှာ မရောက်တာကြာပြီဖြစ်သော ကိုယ့်ဇာတိရွာကို ပြန်ရောက်သွားသလို ခံစားရသည်။ လားရှိုးနှင့်တန့်ယန်းကြား ကားလမ်းတစ်လျှောက် မြင်ကွင်းများက အမှတ်ရစရာ၊ အံ့အားသင့်စရာများနှင့်အတိ။ ၁၉၈၈ ခုနှစ်မှာ ကျွန်တော် တန့်ယန်းမြို့သားဖြစ်ခဲ့၏။ ထိုစဉ်က လားရှိုး-တန့်ယန်းကားလမ်းသည် မနက် ၆ နာရီထွက်၊ ညနေ ၆ နာရီရောက် ဆိုသကဲ့သို့ တစ်နေကုန်မောင်းရသည်။ လမ်းခရီးအခြေအနေကမကောင်း။ ဓားပြတိုက်ခံရတာတွေ၊ သောင်းကျန်းသူတစ်ဖွဲ့ဖွဲ့နှင့် တိုးတာတွေရှိတတ်သဖြင့် လမ်းလုံခြုံရေးရှိသောနေ့မှသာ အရပ်ယာဉ်များကို သွားခွင့်ပြုသည့် ကာလပါပေ။ သောင်းကျန်းသူတစ်ဖွဲ့ဖွဲ့ဟု ကျွန်တော် ပြောနိုင်သည်ကလည်း ထိုထိုသောကာလ၌ ဗကပလည်းရှိသည်။ SSA လည်းရှိသည်။ လွယ်မော်အဖွဲ့လည်းရှိသည်။ ရံဖန်ရံခါ KIA ကလည်း ဆင်းလာတတ်သေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဩဂုတ် ၅

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၅၁ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀ သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအနေဖြင့် ရောဂါမဖြစ်ပွားမီ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ(ဖုံး၊သွန်၊လဲ၊စစ်) ဆောင်ရွက်ခြင်းကို ပြည်သူလူထုအနေနဲ့ မိမိတို့ အိမ်တွင်း၊ အိမ်ပြင်နဲ့ အိမ်ပတ်ဝန်းကျင်တွေတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နိုင်ပါမှ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုကို လျော့နည်းစေနိုင်မှာဖြစ်။

ဒေါက်တာနီနီအေး ၏

"သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ"

(ဆောင်းပါး) စာမျက်နှာ - ၆